မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၆)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုနိုင်ငံ သမ္မတသစ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးချယ်ခြင်းခံရသော မစ္စတာ ကျူမာလေ၊ ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်းခံရသော မစ္စတာ ဘွန်ညံ၊ ဗိုရာကျစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက် မိုးစပါးနှင့်ခြံစည်းရိုးကြက်ဆူပင်သတ်မှတ်ကေပြည့်မီအောင်စိုက်ပျိုး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်းဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပုလင်းကြီး စံပြကျေးရွာ၌ ပုလင်းဆည်ရေသောက်ဖြင့် စိုက်ပျိုးထားသည့် ရွှေမြန်မာမျိုးသန့်စပါးစိုက်ခင်းဧကာ၀၀ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၅

မကွေးတိုင်း မကွေးမြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန်၁၃ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မကွေးခရိုင်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နတ်မောက်မြို့နယ် တံခွန်တိုင် စံပြကျေးရွာရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ရောက်ရှိ၍ ငါးဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

စတင်စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နတ်မောက်-ရွာမွန်-ပျော်ဘွယ် ကားလမ်း၏ လေးအိမ်ကျေးရွာအနီးရှိ နတ်မောက်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲသို့ရောက်ရှိကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးသည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများက ကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **စာမျက်နှာ ၈ ကော်လံ ၁** ✱

မြန်မာ့အလင်း အင်တာနက်သတင်းဓာတ်ပုံနှင့် ကမ္ဘာ့ဖလားအညွှန်း

ဆေးလိပ်သောက်သူများ အဆုတ်ရောဂါဖြင့် သေဆုံးရန် သာမန်အဆုတ်ရောဂါဖြစ်သူထက် ငါးဆပို၍များ

အင်တာနက် သတင်းနှင့်ဓာတ်ပုံ (စာ-၅)

ဟော်လန်နှင့် ကစားရန် ဒရော့ဘာ စိတ်ဓာတ်ကျနေ

အာဂျင်တီးနားမှ မက်ဆီ ဒဏ်ရာအသစ် ရရှိပြန်

ကမ္ဘာ့ဖလားနောက်ဆုံး သတင်းများ
စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ (စာ-၁၂)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ရထားခရီးစဉ်သစ်များ

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်သကဲ့သို့ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့ အဆင်ပြေရန်လည်း လိုပေသည်။

လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကောင်းမွန်မှသာ ဒေသတစ်ခုစီ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ဒေသအတွင်း၊ ဒေသတစ်ခုနှင့်တစ်ခု ခရီးသည်နှင့်ကုန်စည်များကို သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် ယာဉ်၊ရထားများ စနစ်တကျအချိန်မှန်မှန် ပြေးဆွဲပေးနိုင်ရေးသည်လည်း အခြေခံလိုအပ်ချက်ဖြစ်သည်။

ခရီးသွားပြည်သူများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ရန်ကုန်ဘူတာကြီးမှ သန်လျင်မြို့ရှိ အရှေ့ပိုင်းတက္ကသိုလ်သို့ ဇွန်လ၁ရက်နေ့က RBE မြို့ပတ်ရထားတွဲဆိုင်းဖြင့် စတင် ပြေးဆွဲခဲ့သည်။

နေပြည်တော်-မန္တလေး အမြန်ရထား နေ့ချင်းပြန်ခရီးစဉ်ကို ဇွန်လ ၇ရက်နေ့တွင် လည်းကောင်း၊ နေပြည်တော်-ပုဂံ အမြန်ရထားကို မေလ ၁၈ရက်နေ့တွင်လည်းကောင်း စတင်ပြေးဆွဲခဲ့သည်။

ရန်ကုန်-ဒဂုံတက္ကသိုလ် ရထားလမ်းပိုင်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ်ဖွင့်ပွဲကို မတ်လ၄ရက်နေ့က ကျင်းပခဲ့ပြီး နေ့စဉ်ရထားပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်-စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ရထားခရီးစဉ်ကို ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ၁ရက်နေ့တွင် စတင်ပြေးဆွဲခဲ့သည်။

၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ၃၅ မိုင်သာရှိခဲ့ရာက ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ရာ ယခုအခါ ရထားလမ်းအရှည် စုစုပေါင်းမိုင် ၃၀၀၀ကျော်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိနေပြီဖြစ်သည်။

ဆက်လက်၍ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းပေါ်ရှိ ရေမျက်နီ-ကျော့ဥမင်ကိုဖြတ်ကျော်သည့်လမ်း ၂၆မိုင်၊ အုတ်ဖိုစု-သန်လျင် ရထားလမ်းသစ် ၃ဒသမ၃၃မိုင်၊ ကြီးနီ-ချောက် ရထားလမ်းသစ် ၅ မိုင်၊ ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း (ကျည်တောင်ကန်-မြစ်ငယ်လမ်းပိုင်း) ၁၄၁ ဒသမ ၈မိုင်ကို ဖောက်လုပ်နေဆဲဖြစ်သည်။ ရန်ကုန်မြို့ပတ်လမ်းကိုလည်း ဒဂုံတက္ကသိုလ်မှတစ်ဆင့် ရွှေပေါက်ကံ၊ ရွှေနံ့သာ၊ နွယ်ခွေ၊ ထောက်ကြန့်၊ ဘန့်ဘွေးကုန်းမှတစ်ဆင့် မိုးကြိုးပစ်၊ လှော်ကားသို့ တိုးချဲ့ ဖောက်လုပ်သွားမည်ဖြစ်သည်။

မန္တလေးမြို့မှ မော်လမြိုင်မြို့သို့ တိုက်ရိုက်သွားနိုင်မည့် ဒိုက်ဦး-မြစ်ကျိုး-စစ်တောင်း ရထားလမ်းပိုင်းသစ်ကိုလည်း ဖောက်လုပ်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူ အဆင်ပြေချောမွေ့ကောင်းမွန်စေရန် နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းသစ်နှင့် ခရီးစဉ်သစ်များ တိုးချဲ့ဖွင့်လှစ်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း(အငြိမ်းစား)အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

သက်တံရောင်သမဝါယမအသင်းလီမိတက်လုပ်ငန်းများ ပိုမိုအကျိုးအမြတ်ရရှိရေး ဦးစားပေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

သက်တံရောင် သမဝါယမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၃ရက် နံနက်၁၀နာရီက နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်အမှာစကား ပြောကြားသည်။

အစီအစဉ်အရ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အကျယ်တဝင့်မှာကြား

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကား ပြောကြားရာတွင် သက်တံရောင်သမဝါယမ အသင်း၏ လုပ်ငန်းများသည် အကျိုးအမြတ် ရရှိသင့်သလောက် ရရှိသည်ကိုတွေ့ရကြောင်း၊ လုပ်ငန်းများ ပိုမိုအကျိုးအမြတ် ရရှိရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း အကျယ်တဝင့် မှာကြားသည်။

ကတိသစ္စာပြု

အစီအစဉ်အရ အသင်း၏ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေး နှစ်ချုပ်စာရင်းများ၊ ၂၀၀၆-၂၀၀၇ ခုနှစ် ရသုံးမှန်းခြေ ငွေစာရင်းများတင်သွင်းအတည်ပြုခြင်း၊ဒါရိုက်တာအဖွဲ့ဝင် အသစ်များနှင့် အသင်းသားစာရင်းစစ်များ ရွေးချယ် တင်မြှောက်ခြင်း၊ ရွေးချယ်ခံ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသား စာရင်းစစ်အဖွဲ့ဝင်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာ ပြုခြင်းများကို ဆက်လက် ဆောင်ရွက်ပြီးနောက် သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၆-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Ecuador Vs Costa Rica (Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၂၀ ၇။ မိုးလေဝသသတင်း
၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၉။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၆)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၅။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Netherlands Vs Ivory Coast (Live)

၁၇-၆-၂၀၀၆ (နံနက်ပိုင်း)

၀၁:၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Mexico Vs Angola (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၆ (သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ Cafe & Baker ယဉ်ကျေးမှု
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
၇:၃၀ ကျန်းမာစေမည့် "ပဲပိစပ်ဆီ"
၇:၄၀ တေးဂီတအစီအစဉ်
၇:၄၅ မြန်မာ့သိုင်းပညာသမိုင်းစဉ်
၈:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၁၀ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၈:၂၅ တေးဂီတအစီအစဉ်
၈:၃၀ ဆီချို၊ သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း-၂)
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ အရသာတစ်မူထူးခြား ကိုရီးယား အစားအစာများ (ထမင်းသုပ်၊ ဝက်သားချို)
၉:၀၅ မိုးလေဝသခန့်မှန်းချက်
၉:၁၀ ဗွီစီဒီမိတ်ဆက်
၉:၃၀ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၉:၄၀ ပြည်တွင်းသတင်းအကျဉ်း
၉:၅၀ ဂီတသံစဉ်အလှဆင် (ဟေမာနေဝင်း)
၁၀:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅ အောင်မြင်ကျော်ကြား စီးပွားရေး စွမ်းဆောင်ရှင်များ [ဒေါ်ရီရီမြင့် (အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)]
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ **အဲဒီမှာစတွေ့တာပဲ** (မင်းအုပ်စိုး၊ နှင်းဝတ်ရည်သောင်း၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်)
၁၀:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀ ယဉ်ကျေးမှုတက္ကသိုလ် (သဘင်ပညာဌာန)
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ Myanmar Video Rhythm
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

(အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။)

မိုးကုတ်ဝိပဿနာသင်တန်း

ရန်ကုန် ဇွန် ၁၅

ပခုက္ကူအသင်း(ရန်ကုန်) မိုးကုတ်ဝိပဿနာသင်တန်းကို ဆရာကြီး ဦးစိန်ဝ (မွှေကထိက)က ဇွန် ၂၄ရက်မှ ၂၈ရက်အထိ မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ ပခုက္ကူဓမ္မာရုံ၌ ပို့ချမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် သင်ကြားနိုင်ကြောင်းဖြင့် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(၃၅၂)**

မိခင်ကြီးဒေါ်ခင်မေအား ရည်စူး၍ အမှတ် ၃၉၁/၃၉၂ (၉)လမ်း ပုသိမ်ညွန့်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေ သားသမီးများဖြစ်ကြသော ဒေါ်ရှုဝေ၊ ဦးလှကျော်၊ ဦးမြတ်ကျော်၊ ဦးအောင်ကျော်၊ ဒေါ်မေမေကျော်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး သင်းလုံးကျွတ်ပန်းချီ၊ ပန်းပုပြပွဲ ပြသနိုင်ရေးစည်းဝေး

ရန်ကုန် ဇွန် ၁၅

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ သင်းလုံးကျွတ် ပန်းချီ၊ ပန်းပုပြပွဲ (၂၀၀၆) ခမ်းနား ထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် အလုပ်အမှုဆောင် အစည်းအဝေး (၁၂/၂၀၀၆)ကို ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ ရိုးရာပန်းပညာရှင်များ အစည်းအဝေးခန်းမ၌ ဇွန်၁၁ရက်က ကျင်းပရာ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဖွဲ့စည်းခဲ့

အစည်းအဝေးတွင် ဥက္ကဋ္ဌဦးသောင်းဟန်၊ အတွင်းရေးမှူး ဦးသန့်စင် (ပန်းချီလှတင်ထွန်း) တို့ပါဝင်သော ပြပွဲဖြစ်မြောက်ရေး ကော်မတီနှင့် ပြပွဲလမ်းညွှန်ကတ်တလောက် ထုတ်ဝေရေးအဖွဲ့၊ ပန်းချီ၊ ပန်းပုများ လက်ခံချိတ်ဆွဲရေးအဖွဲ့၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့ စသည့်အဖွဲ့ငယ်များ ဖွဲ့စည်းခဲ့ကြပြီး ပညာရေးကော်မတီက ပန်းချီ၊ ပန်းပုအကြောင်း သိကောင်းစရာများ ဟောပြောခြင်း၊ ပန်းချီဆရာကြီးများက ပညာပေး လက်တွေ့သရုပ်ဖော်ရေးဆွဲခြင်း လုပ်ငန်းများဆောင်ရွက်ရန် ဆုံးဖြတ်ကြပြီး ပြပွဲတွင် ကိုယ်ပိုင်ပန်းချီ၊ ပန်းပုပြခန်းများ၊ မြို့နယ်ရိုးရာ ပန်းပညာရှင်များ အစည်းအရုံးများ၏ ပန်းချီ၊ ပန်းပု ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ပြသသွားမည်ဖြစ်ရာ အသေးစိတ် သိလိုပါက အတွင်းရေးမှူး ဦးသန့်စင်၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး အမှတ် (၁၈၇/၁၉၂) ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ဖုန်း-၂၄၀၉၆၆ လိုင်းခွဲ (၇၀၆/၇၀၇)တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တွဲဖက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းက ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးလှကြီးက တစ်ဧကတင်း ၂၀၀ ထွက်ရှိရေး ခရိုင်အလိုက်၊ မြို့နယ်အလိုက် ယှဉ်ပြိုင်မှုနှင့် အထွက်နှုန်း တိုင်းတာဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးတစ်ဧကတင်း ၂၀၀ ယှဉ်ပြိုင်ကွက်များတွင် ဆုရရှိကြသည့် ခရိုင်များအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပထမဆုငွေနှင့် ဆုဖလားကို မူဆယ်ခရိုင်၊ ဒုတိယဆုငွေနှင့် ဆုဖလားကို လားရှိုးခရိုင်နှင့် တတိယဆုငွေနှင့် ဆုဖလားကို ကျောက်မဲခရိုင်တို့အား ပေးအပ်ချီးမြှင့်သည်။

ပြန်လည်ရှင်းလင်း

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အကျိုးဖြစ်ထွန်းမှု အခြေအနေများကို ဆွေးနွေးမေးမြန်းရာ ဒေသခံတောင်သူများက အသီးသီး ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တိုင်းရင်းသား တောင်သူလယ်သမားများအနေဖြင့် ယခုရရှိသော အကျိုးစီးပွားဖြင့်သာ ကျေနပ်မနေဘဲ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော နှစ်ရှည်ပင်ရော်ဘာကိုပါ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရန် လိုအပ်သော စမ်းသပ်စိုက်ပျိုးမှုများ ပြုလုပ်ကြရေး၊ လိုအပ်သော စိုက်ပျိုးမှုဆိုင်ရာ အသိပညာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းရယူရေး၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းညှိနှိုင်း ကူညီပံ့ပိုးဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး လားရှိုးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသထားသော ဆင်းရွှေလီ အထူးအထွက်တိုးစပါးနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် သီးနှံနမူနာများ၊ လယ်ယာသုံးစက်ကိရိယာများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှင်းလင်းဆောင်ရွေ့ရှုရပ်မှ ကောက်ကွေ့ချောင်း ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ ရှင်းလင်းတင်ပြမှုနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆည်များတည်ဆောက်ရာတွင် ဆည်ရေသောက်စနစ်လုပ်ငန်းများကိုပါ ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေလှောင်ရုံသာမက ရေဖြန့်ဝေပေးမှုကိုပါ ပြီးစီးအောင်မြင်အောင် အလေးထားဆောင်ရွက်သွားရေး၊ ဆည်ရေသောက်ဒေသရှိ တောင်သူများ၏ ဆည်မတည်ဆောက်မီ အခြေအနေနှင့် ဆည်တည်ဆောက်ပြီးကာလ၌ စိုက်ပျိုးရေးကဏ္ဍအပါအဝင် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို စနစ်တကျ မှတ်တမ်းတင် ထားရှိရေးတို့ကို မှာကြားသည်။

ကောက်ကွေ့ချောင်း ရေလှောင်တမံသည် မန်ဆူကျေးရွာ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေ ၈၄၃ ဧကကို နွေစပါးအတွက် စိုက်ပျိုးရေအပြည့်အဝ ပေးဝေနေသည့်အပြင် သောက်သုံးရေကိုပါ ရရှိနေသော ရေလှောင်တမံဖြစ်သည်။ လားရှိုးမြို့နယ်အတွင်း၌ ဟူးမွန်ဆည်မှ စိုက်ပျိုးမြေဧက ၃၀၀ ကျော်ကို နွေစပါးအတွက် စိုက်ပျိုးရေပေးဝေခဲ့ပြီး ကျန်စိုက်ပျိုးမြေများအတွက်ကိုပါ ဆည်ရေပေးနိုင်ရန် ကောက်ကွေ့ချောင်း ရေလှောင်တမံကို ထပ်မံတည်ဆောက်ပေးနိုင်ခဲ့ရာ ယခုအခါ ဆည်ရေသောက်ဧရိယာ ဧက ၇၀၀ ကျော်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်ပြီဖြစ်သည်။

တက်ရောက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုး-သိန်းနီလမ်း ဟိုပိတ်ကျေးရွာအနီးရှိ အစိုးရနည်းပညာကောလိပ် (လားရှိုး)အနီး၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စုပေါင်းစိုက်ပျိုးကြမည့် ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့သည် တိုင်းရင်းသားပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(လားရှိုး) အနီး၌ ဆက်လက်ကျင်းပသည့် ပန်းအလှစိုက်ပျိုးပွဲ၌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့က အရိပ်ရ ပန်းအလှပင်များကို ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အတူ စိုက်ပျိုးပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် ပန်းအလှစိုက်ပျိုးပွဲတို့တွင် ခြံစည်းရိုးကြက်ဆူပင် သုံးဧက၊ အပင်ပေါင်း ၃၆၀၀ နှင့် အရိပ်ရ ပန်းအလှပင်ပေါင်း ၅၀၀ တို့ကို အစိုးရ နည်းပညာကောလိပ်(လားရှိုး) ပရိဝုဏ်အတွင်း စုပေါင်း စိုက်ပျိုးကြခြင်းဖြစ်သည်။

အဓိကကျ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(လားရှိုး) ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းအဆောက်အအုံဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မှာကြားပြီး အမှာစကားပြောကြားရာတွင် ယနေ့ကာလသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးကို ကြိုးပမ်းတည်ဆောက်နေသော အချိန်အခါဖြစ်သဖြင့် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည့်နေရာမှ ပါဝင်နေကြောင်း။

နိုင်ငံတော်အစိုးရသည် မျိုးဆက်သစ်လူငယ်များအား ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှုစွမ်းဆောင်ရည်များ ပြည့်စုံစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများချမှတ်ပြီး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအလိုက် လိုအပ်သော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်ပေးနိုင်ရန် ပြည်နယ်နှင့် တိုင်းအသီးသီး၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများကို လက်လှမ်းတမီ အချက်အချာနေရာများ၌ တည်ထောင် ဖွင့်လှစ်ပေးထားရာ ဒေသခံတိုင်းရင်းသား လူငယ်များအနေဖြင့် မိမိတို့ဒေသအတွင်း၌ပင် အဆင့်မြင့်ပညာရပ်များကို လွယ်လင့်တကူ ဆည်းပူး သင်ယူနိုင်ကြပြီဖြစ်ကြောင်း။

တက်ညီလက်ညီ

အစိုးရ နည်းပညာကောလိပ် (လားရှိုး)မှ ဆရာ ဆရာမများကလည်း နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်ကအားကိုးအားထားပြုနိုင်သည့် အင်ဂျင်နီယာ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးကို စေတနာထားပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စေတနာထား

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးနှင့် အခွန့်ရှည် တည်တံ့ခိုင်မြဲရေးလုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်း ထမ်းဆောင်သွားနိုင်ရန် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ အမြဲတမ်းအသင့်ရှိနေရန်လိုအပ်ကြောင်း၊ ဆရာဆရာမများသည် သင်တန်းသားများအား ထူးချွန်ထက်မြက်အောင် စေတနာထားပြီး သင်ကြားပို့ချပေးကြရမည့်အပြင် မိမိကိုယ်မိမိ စည်းရုံးရေးမှူးများ၊ ပညာ့ဗိမာန်ဥယျာဉ်မှူးများအဖြစ် ခံယူလုပ်ဆောင်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တည်ဆောက်လျက်ရှိသော အစိုးရနည်းပညာကောလိပ် (လားရှိုး) အဆောက်အအုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ အစိုးရ နည်းပညာကောလိပ်(လားရှိုး)သည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီး မြေဧက ၅၅ဒသမ ၃၆ ဧကေ၌တည်ရှိပြီး ပရိဝုဏ်အတွင်း၌ အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိသည့်သုံးထပ်အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလိုတော်ပြည့် ၁၀ ရက်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်မှ ဝါဆိုလဆန်း ၇ ရက်၊ (ဇွန် ၂၁ ရက်မှ ဇူလိုင် ၁ ရက်အထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပသာသနာပြု ဒေါက်တာဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီးကိုယ်တိုင် ဝိပဿနာသတိပဋ္ဌာန်း အလုပ်ပေးတရားကို ဟောကြားပြသမည်ဖြစ်သည်။

သို့ဖြစ်ရာ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဇွန် ၂၁ ရက် ညနေ ၅ နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြပါရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် ဖုန်း-၀၁-၅၄၅၃၃၇၊ ၅၄၈၈၆၁၊ နှင့် ၀၉-၅၀-၁၄၅၀၀ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။

(က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ပြုလုပ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(မိခင်/ကလေး)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ပညာပေးဟောပြော

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဒေါ်တင်တင်မြ၊ ဒေါက်တာဒေါ်ခင်မြဝင်း၊ ဒေါက်တာသန်းဦး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်က မိတ်ဆက်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး အသိပညာ အကြိုဆန်းစစ်ခြင်းများပြုလုပ်၍ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဒေါ်ခင်မြဝင်းနှင့် ဒေါက်တာသန်းဦးတို့က ကျန်းမာရေးပညာပေး ဟောပြောကာ ဆုရရှိသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ဆုများချီးမြှင့်၍ ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်အေးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊အမှတ်(၁၂)ထွက်ရှိ

ရန်ကုန် ဇွန် ၁၅

မေထုန်ရာသီ နယုန်လ၏ မိုးစက်မိုးပွင့်များနှင့်အတူ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်နေကြပြီဖြစ်သော တောင်သူဦးကြီးများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေဗဟုသုတရရှိရန် ရည်ရွယ်သည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)ကို ဇွန် ၁၅ ရက်တွင် ထွက်ရှိလာပြီဖြစ်သည်။

ထိုဂျာနယ်တွင် ဆင်းပဒေသာစပ်မျိုးမြေပဲ၊ ဈေးကွက်ဝင် ပဲတီစိမ်းကို တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်၊ အောင်မြင်တိုးတက်နေသော အစ္စရေးနိုင်ငံ သဲကန္တာရစိုက်ပျိုးရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ စားမြို့ပြန်သတ္တဝါများ မွေးမြူရေးနှင့် ကမ္ဘာ့အပူရှိန်ပြောင်းလဲလာမှု၊ ဝင်ငွေတိုးဖို့ ဝက်မွေးစို့ စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ရေကောင်းရေသန့် ရရှိရေးအတွက် ကြွေထည်ရေစစ်အိုးများ အသုံးပြုပါ စသည့် ကျေးလက်ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ်ဆောင်းပါးများ၊ ဝတ္ထုတို၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို သုတ၊ ရသစုံလင်စွာ ဖွယ်ဖွယ်ရာရာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် သင်တန်းများဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူး၍ WIPO မှ အဝေးသင် Internet မှတစ်ဆင့် ပို့ချမည့် General Course on Intellectual Property DL-101 သင်တန်း အပတ်စဉ်(၆)ကို ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အပတ်စဉ် (တနင်္ဂနွေနေ့)များတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ်၇၄/၈၆ရှိ UMFCCI Training Centre ၌ ပို့ချမည်ဖြစ်သည်။

ယင်းသင်တန်းသို့ ဘွဲ့ရပြီးသူများတက်ရောက်နိုင်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၂၄၆၉၇၅၊ ၂၄၃၁၅၁၊ ၃၈၁၂၈၅၊ အမှတ် ၆၁ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်တွင် ရယူပြီး လျှောက်လွှာများကို ဇူလိုင် ၁၄ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ

တရုတ်အနောက်တောင်ပိုင်း၌ ရေကြီး ၁၉ ဦးသေဆုံး၊ ၃၁ ဦးပျောက်ဆုံးနေ

ကွီရန်း ဇွန် ၁၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ်၌ ဇွန် ၁၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ရေကြီးကာ အနည်းဆုံးလူ ၁၉ ဦးသေဆုံးပြီး ၃၁ဦး ပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇွန် ၁၂ရက်ညပိုင်းက အဆိုပါပြည်နယ်ရှိ ဝမ်မို၊ ကွင်စီနန်ဘွိုင်ရီးနှင့်မီယာအိုစီရင်စုတို့တွင် လေးနာရီကြာ မိုးရွာသွန်းခဲ့ရာ တောင်တန်းဒေသနှင့် နီးသောနေရာများ ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီးနောက် ပျက်စီးမှုများ ရှိခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါစီရင်စု၏ သတင်းရပ်ကွက်မှရရှိသော သတင်းများအရ အနည်းဆုံးလူ ၁၉ဦးသေဆုံးပြီး ၃၁ဦး ပျောက်ဆုံးနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ စာချွန်လွှာ ထိုင်းနှင့်ကမ္ဘောဒီးယား လက်မှတ်ရေးထိုးမည်

ဗန်ကောက် ဇွန် ၁၅

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အရန်ယာပရာသက်–ပွိုင်ပက်နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးစည်းကမ်းချက်များ ယခုစက်တင်ဘာလတွင် ထုတ်ပြန်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်ကြောင်း ထိုင်းပို့ဆောင်ရေးဝန်ကြီး ပွန်ဆက်ရာတာပွန်ပိုင်ဆယ်က ဇွန် ၁၃ရက်၌ ပြောကြားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ထိုင်းပို့ဆောင်ရေးဝန်ကြီးနှင့် ကမ္ဘောဒီးယား ပို့ဆောင်ရေးဝန်ကြီးတို့သည် ဒုတိယအကြိမ်မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်)၏ နယ်စပ်ဖြတ်ကျော် ပူးတွဲကော်မတီ အစည်းအဝေးကျင်းပစဉ်အတွင်း လက်မှတ်ရေးထိုးရန် စီစဉ်ထားကြသည်။

ဆောင်ရွက်

ယင်းလက်မှတ် ရေးထိုးမှုကို ယမန်နှစ်က အဖွဲ့ဝင်နိုင်ငံများ၏ ဂျီအမ်အက်စ်နယ်စပ် ဖြတ်ကျော်သဘောတူညီချက်အရ ဆောင်ရွက်လိမ့်မည်ဖြစ်သည်။

အဆိုပါ နယ်စပ်ဖြတ်ကျော်ရေးသဘောတူညီချက်တွင် ၎င်းနယ်စပ်ဒေသကို ဖြတ်သန်းသွားမည့် လူနှင့်ကုန်ပစ္စည်းများအတွက် အနည်းဆုံးလုပ်ငန်းဆောင်ရွက်ရန် လိုင်စင် ၄၀ ထုတ်ပေးရန် ပါဝင်သည်။

ယင်းသဘောတူညီချက်သည် လူနှင့်ကုန်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ခြင်းအတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး နှစ်နိုင်ငံအိမ်နီးချင်းများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း ထိုင်းပို့ဆောင်ရေးဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကယ်လ်ကွတ်မြို့တွင် ဗုံးခွဲမှုငါးကြိမ်ဖြစ် အနည်းဆုံး ၁၆ဦးသေဆုံး၊ ၃၅ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံကြွယ်ဝသည့် ကယ်လ်ကွတ်မြို့တွင် ဇွန်၁၃ ရက်က အနည်းဆုံး ဗုံးဖောက်ခွဲမှု ငါးကြိမ်ဖြစ်ပွားသဖြင့် ဗုံးခွဲသူနှစ်ဦးအပါအဝင် အနည်းဆုံး ၁၆ဦးသေဆုံးပြီး ၃၅ဦး ဒဏ်ရာရရှိသွားကြောင်း ထိုဒေသရဲတပ်ဖွဲ့အကြီးအကဲ ရဲဗိုလ်မှူးကြီးတာဟာက ပြောကြားသည်။

အသေခံကားဗုံးခွဲမှု နှစ်ခုအပါအဝင် အင်္ဂါနေ့ နံနက် ၇နာရီခွဲ ပတ်ဝန်းကျင်က ကယ်လ်ကွတ်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ရဲဗိုလ်မှူးကြီး တာဟာက ဗုံးခွဲမှုအား အသေးစိတ် ရှင်းလင်းပြောကြားသည်။ သေဆုံးသူများတွင် အရပ်သား ၁၁ဦး၊ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အသေခံဗုံးခွဲသူနှစ်ဦးပါဝင်သည်။

မြို့လယ်မှ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ကားတစ်စီးတွေ့ရှိသည့်အတွက် စနက်တံများ ဖြုတ်ပစ်ရသည်ဟုဆို၏။

ရဲဗိုလ်မှူးကြီး အယ်ဒင်၏ နေအိမ်အနီး ကားဗုံးဖောက်ခွဲမှုကြောင့် ကိုယ်ရံတော်တစ်ဦး သေဆုံးပြီး ရဲဗိုလ်မှူးကြီးအယ်ဒင်ဒဏ်ရာရသွားသည့်အပြင် နေအိမ်လည်း ပျက်စီးသွားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ငါးမှရရှိသည့်အဆီ ကလေးများ၏ ဉာဏ်ရည်ကို မြင့်မားစေနိုင်

လန်ဒန် ဇွန် ၁၅

ငါးမှရရှိသည့်အဆီ (အိုမီဂါ–၃)သည် ကလေးများ၏ ဉာဏ်ရည်ကို မြှင့်တင်နိုင်စေပြီး ၎င်းတို့၏ အပြုအမူနှင့် စွမ်းအင်ကို အာရုံစူးစိုက်ရာတွင် တိုးတက်ကောင်းမွန်လာနိုင်ကြောင်း ဗြိတိန်နိုင်ငံရှိ သိပ္ပံဆိုင်ရာ သုတေသနနှင့် လက်တွေ့စမ်းသပ်စစ်ဆေးရာတွင် တွေ့ရှိချက်တစ်ရပ်၌ ဖော်ပြပါရှိသည်။

မီးဖွားပြီးစတွင် အိုမီဂါ–၃ ကို အပြည့်အဝသုံးစွဲပါက ရေရှည်နှင့် ရေတိုတွင် ကလေး၏ ကျန်းမာရေးမှာ သိသာလာမည်ဖြစ်ကြောင်း လန်ဒန်အခြေစိုက် ပီရီနာတိုလိုဂျီဂျာနယ်တွင် သိပ္ပံဆိုင်ရာသုတေသန၏ ရလဒ်အဖြစ် ဖော်ပြထားသည်။

တိုးတက်

ဘရက်ဖို့ဒ်ရှိ နယူးဟောလ်ပတ်မှုကြိုကျောင်းတွင် အိုမီဂါ–၃ကို နေ့စဉ်တိုက်ကျွေးသည့် အသက်ရှစ်နှစ်နှင့်ကိုးနှစ်အရွယ် ကလေးများအနက် ၈၁ ရာခိုင်နှုန်းသည် စာဖတ်ရာတွင် တိုးတက် ကောင်းမွန်လာခဲ့ပြီး ၆၇ ရာခိုင်နှုန်းက ရေးသားရာတွင် လည်းကောင်း၊ ၇၄ ရာခိုင်နှုန်းက အတွက်အချက်တွင် လည်းကောင်း ရလဒ်ကောင်းများ တွေ့ရှိခဲ့ရသည်။

ပြောကြား

ဆယ်ကျော်သက်နှင့် ဆယ်ကျော်သက်မရောက်မီ အရွယ်များတွင်လည်း ယင်းရလဒ်ကို တွေ့မြင်ရကြောင်း ဂရင်းဖီးလ်ကျောင်း ဒုတိယကျောင်းအုပ် ဂျွန်ဂလာရီက ပြောကြားသည်။

စစ်ဆေး

ဆယ်ကျော်သက်များအား တစ်နေ့ ဆေးလုံးသုံးလုံးကို သုံးကြိမ်သောက်စေပြီးနောက် သုံးလအကြာ ၎င်းတို့ကို စစ်ဆေးစမ်းသပ်သောအခါ တိုးတက် ကောင်းမွန်မှုမှာ သိသာလာ မွန်လာကြောင်း ၎င်းကပြောကြားကြောင်း အမှတ်များလည်း ပိုမိုကောင်း သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကျန်းမာရေးအတွက် သကြားလျှော့စားရန် မလေးရှားကျန်းမာရေးဝန်ကြီး တိုက်တွန်း

ကွာလာလမ်ပူ ဇွန် ၁၅

မလေးရှားကျန်းမာရေးဝန်ကြီး ချူယာဆွိုင်းလိက ယင်းနိုင်ငံသားများအား ကျန်းမာရေးနှင့်ညီညွတ်စေရန် သကြားအစား လျှော့ရန် တိုက်တွန်းလိုက်သည်။

မလေးရှားပြည်သူများသည် နေ့စဉ်သကြားစားသုံးမှုမှာ နှစ်ဆကျော် တိုးလာကြောင်း ၎င်းကပြောကြားသည်။

စားသုံး

လူတစ်ဦးလျှင်နေ့စဉ်သကြား စားသုံးမှု ၅၀မီလီဂရမ်သာလျှင် လိုအပ်သော်လည်း မလေးရှားလူမျိုးများသည် နေ့စဉ် လူတစ်ဦးလျှင် ၁၂၅ မီလီဂရမ်ရှိ သကြားပမာဏကို စားသုံးနေကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကျန်းမာရေးနှင့်ညီညွတ်အောင် စားသုံးသည့်ပုံစံမှာ သကြား၊ အဆီနှင့် အငန်ကိုလျှော့စားပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ပေါပေါစားခြင်းဖြစ်သည်။ သို့သော်လည်း မလေးရှား လူ့အသိုင်းအဝိုင်းသည် ထိုသို့စားသုံးခြင်းမရှိဘဲ သကြားကိုပိုစားနေကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သစ်သားချောင်းလေးများဖြင့် ပြုလုပ်ထားသည့် အီဖယ်မျှော်စင်

သစ်သားချောင်းလေးများဖြင့် ပြုလုပ်ထားသော အီဖယ် မျှော်စင်ပုံစံတစ်ခုကို တွေ့ရစဉ်။(ယာပုံ)

နယူးယောက်စီးတီးရှိ လူနာပန်းဥယျာဉ်အတွင်း၌ သစ်သားချောင်းလေးများထောင်ပေါင်းများစွာဖြင့် ပြုလုပ်ထားသော အီဖယ်မျှော်စင်တစ်ခုကို ရို့စ်ဘာရီကိုနှင့် ဂျွန်အိုင်ဗင်နော့ဖ်အမည်ရှိ လူငယ်နှစ်ဦးက ပြုလုပ်ခဲ့ကြရာ ၎င်းမျှော်စင်မှာ အမြင့် ၁၆ပေရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဘဝကိုအရှုံးမပေးသူ

မတော်တဆ ဖြစ်ရပ်တစ်ခုကြောင့် လက်နှစ်ဖက် ဆုံးရှုံးသွားသူတစ်ဦး အင်တာနက် ဖမ်းယူနေစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ကျိကျင်းမြို့၌ အသက် ၂၇နှစ်အရွယ် ကျို့ယူဖန်အမည်ရှိ လူငယ်တစ်ဦးသည် မတော်တဆ ဖြစ်ရပ်တစ်ခုကြောင့် သူ၏ လက်နှစ်ဖက် တံတောင်ဆစ်မှ ပြတ်ထွက်သွားရာ ကျန်ရှိနေသော လက်အစိတ်အပိုင်းဖြင့် အင်တာနက်ဖမ်းယူမှုနှင့် ပါးစပ်ဖြင့် ဘောပင်ကိုက်ကာ စာရေးသား ပြုလုပ်လျက်ရှိရာ တရုတ်နိုင်ငံတွင် အတော်ဆုံး လူငယ်တစ်ဦးအဖြစ် စာရင်းဝင်ရန် ကြိုးစားနေကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသော ဒေါက်တာတောင်းလွန်း၊ စီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးတင်ဝင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၆

ပိုလန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို မေ ၂၃ရက်တွင် ဝါဆောမြို့၌ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာလက်(ချ်)ကာဇင်(န်)စကီးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်ဆန်လှူအသင်းကြီး နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းအတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈၃တိုက်၊ စာသင်သံဃာ ၁၉၄၀၆ပါးတို့အား တစ်နှစ်လျှင် သုံးကြိမ်ဆွမ်းဆန်တော် လှူဒါန်းနေသောရန်ကုန်မြို့လုံးဆိုင်ရာပရိယတ္တိသာသနနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ အကျိုးဆောင်များအဖွဲ့က (၁၃၆၈ ခုနှစ် ဝါဆိုလဆန်း၈ရက်)ဇူလိုင် ၂ရက် (တနင်္ဂနွေနေ့)တွင်အသင်းတိုက်ကြီး၌ အကြိမ်(၈၀)မြောက်အဖြစ် ဩဝါဒစရိယ ဆရာတော်ကြီး ၁၁ပါးအား ပင့်ဖိတ်ကာဆွမ်းဆက်ကပ်လှူဒါန်းပြီး အမှုဆောင်များ၏သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း အသင်းအမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၅

ရန်ကင်း ပြည်သာယာ တာမွေလေး သံလမ်းအနီး ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း တိုးချဲ့ဆောင်အတွက် ပန်းဘဲတန်းမြို့နယ် ၂၇ လမ်းနှင့် ၂၈ လမ်းထိပ် ဦးထုံ ရွှေပန်းထိမ် မိသားစုက ဦးထုံ၏ (၈၄)နှစ်မြောက်မွေးနေ့ဒါနအဖြစ် အလှူတော်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် မဏိမေခလာလမ်း မြိုင်အထူးကုဆေးခန်းမှ ဒေါက်တာစိုးမြင့်မိသားစုက ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ လူနာသုံးခုတင်ကိုလည်းကောင်း၊ ဗဟန်း အနောက်မြင်းပြိုင်ကွင်းလမ်း (တစ်၊နှစ်၊သုံး ကားအပိုပစ္စည်းရောင်းဝယ်ရေး)ကိုဝင်းထွန်း–မချိုချိုလွင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဆရာစံမြောက် အရှေ့ဈေးဟောင်းလမ်း နိဗ္ဗာန်ဆော်ဆွမ်းလောင်းအသင်းက ငွေကျပ်ငါးသောင်းကိုလည်းကောင်း ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းကြသည်။ တိုးချဲ့ဆောင်နှင့် ဆေးအလှူတော်အတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

Rothmans of Pall Mall (Myanmar) Pte. Ltd. မှ အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်သိန်း ၂၀လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းလက်ခံယူစဉ်။ (က–ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာနှင့် ဆရာဝန်အသင်း(လားရှိုး)တို့ ပူးပေါင်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး)တို့ ပူးပေါင်းကြီးမှူး၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇွန်၄ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လားရှိုးခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာနမှ ဆရာမများ၊ လားရှိုးဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်၊ နည်းပညာကောလိပ်တို့မှ ဆရာမများ၊ သူနာပြုသင်တန်းကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင် (အရိုးအထူးကုဆရာဝန်ကြီး၊ ပါမောက္ခဌာနမှူး၊ အရိုးရောဂါပညာဌာန၊ ဆေးတက္ကသိုလ်–၁၊ ရန်ကုန်) က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော အရိုးပွ၊ အရိုးပါးရောဂါအကြောင်းကိုလည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာဝင်းမြိုင် (မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောဌာန၊ ခွဲစိတ်ကုဆရာဝန်ကြီး)က ဦးနှောက်ထိခိုက်မှုအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ကမ္ဘာ့ဖလားနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲများကျင်းပလျက်ရှိရာ ဇွန် ၁၆ ရက်(**ယနေ့**)တွင် ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးပွဲစဉ်များနှင့် ပတ်သက်၍ အမြင်များကို ဆက်လက်မေးမြန်းဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဘန်နီတင်အောင်

- **အာဂျင်တီးနားနဲ့ ဆားဗီးယားတို့ပွဲမှာ အာဂျင်တီးနားတို့က ရှေ့၊ လယ်၊ နောက် ပြောစရာမရှိပါဘူး။ အာဂျင်တီးနားရှေ့တန်းက တိုက်စစ်မှူးတွေ ဂိုးရအောင်သွင်းနိုင်ပါလိမ့်မယ်။ ဆားဗီးယားတိုက်စစ်မှူးတွေက အာဂျင်တီးနားနောက်တန်းကို ကျော်ဖို့ မလွယ်ဘူးထင်တယ်။ ဒါပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ မထင်မှတ်တာတွေလဲ ဖြစ်တတ်ပါတယ်။ အာဂျင်တီးနားတို့ အခြေအနေကောင်းနိုင်ပါတယ်။**
- **နယ်သာလန်နဲ့ အိုင်ဗရီကို့စ်ပွဲစဉ်မှာ နယ်သာလန်တို့က တစ်ဦးချင်းရော အသင်းလိုက်ပါ နားလည်မှုရှိရှိနဲ့ အစွမ်းပြကစားနိုင်တယ်။ အတွေ့အကြုံနဲ့ အစဉ်အလာမှာလည်း အိုင်ဗရီကို့စ်ထက်သာတယ်။ နယ်သာလန်တို့ အလေးသာနိုင်ပါတယ်။**
- **မက္ကဆီကိုနဲ့ အင်ဂိုလာပွဲမှာတော့ မက္ကဆီကိုအနိုင်ရမယ်ထင်တယ်။ အသင်းတိုင်း အနိုင်ရရှိရေးအစွမ်းကုန်ကြိုးစားနေတော့ အင်ဂိုလာကိုလည်း လျှော့တွက်လို့မရပါဘူး။ လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ မက္ကဆီကိုအသင်း ခြေစွမ်းပြနိုင်မှာပါ။**

ရုပ်ရှင်သရုပ်ဆောင် စပ်စု

- **အာဂျင်တီးနားနဲ့ ဆားဗီးယားပွဲကတော့ ဆားဗီးယားတို့ အာဂျင်တီးနားကို မယှဉ်နိုင်ပါဘူး။ အာဂျင်တီးနားနဲ့ တစ်အုပ်စုတည်း လာတူတာကိုက ကံဆိုးတာပါ။ ဂိုးမပြတ်နိုင်ပေမယ့် အာဂျင်တီးနားတို့နိုင်မယ့်ပွဲပါပဲ။**
- **နယ်သာလန်နှင့် အိုင်ဗရီကို့စ်ပွဲမှာ နယ်သာလန်ကစားပုံက အဆင့်မြင့်ပါတယ်။ တိုက်စစ်မှူးတွေ မြန်နှုန်းမြင့် ထိုးဖောက်နိုင်ကြတယ်။ လျှပ်တစ်ပြက်ထိုးဖောက်ဂိုးသွင်းမှုတွေကို အိုင်ဗရီကို့စ်နောက်တန်း မတောင့်ခံနိုင်ဘူးထင်တယ်။ နယ်သာလန်နိုင်မယ့်ပွဲပါ။**
- **မက္ကဆီကိုနဲ့ အင်ဂိုလာပွဲမှာ အင်ဂိုလာကိုအထင်သေးလို့မရဘူး၊ မထင်မှတ်တာတွေ ဖြစ်နိုင်တယ်။ မက္ကဆီကို အသင်းလိုက်ကစားတာကောင်းတယ်။ မက္ကဆီကိုအသင်းနိုင်ခြေရှိပေမယ့် ဂိုးမပြတ်ဘူးထင်တယ်။**

(မြန်မာ့အလင်း)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဆေးလိပ်သောက်သူများ အဆုတ်ရောဂါဖြင့် သေဆုံးရန် သာမန်အဆုတ်ရောဂါဖြစ်သူထက် ငါးဆပို၍များ

ဆေးလိပ် အလွန်အကျွံသောက်လျှင် **အဆုတ်ရောဂါ စောစီးစွာဖြစ်စေနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၄ ရက်က ပြောကြားသည်။**

ငါးဆပို

ဆေးလိပ်သောက်သူများသည် ချောင်းဆိုးရင်ကျပ်နှင့် သက်ကြီးရွယ်အိုများတွင် ဖြစ်တတ်သည့် အဆုတ်ရောဂါထက်ငါးဆပိုပြီး အဆုတ်ရောဂါခံရသည်ကို အဆိုပါသုတေသီများက တွေ့ရှိခဲ့သည်ဟုဆိုသည်။

အများဆုံး

ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ရောဂါဖြစ်ပြီး သေဆုံးခြင်းမှာ ကမ္ဘာပေါ်တွင်အများဆုံးဖြစ်နေကြောင်း အင်္ဂလန်အနောက်တောင်ပိုင်းရှိ ရှိုင်ရယ်ဒီဗွန်နှင့် အိတ်စီတာအင်န်အိတ်ချ်အက်စ်ဖောင်ဒေးရှင်းမှ သုတေသီများ ကပြောကြားသည်။ သင်သည် ဆေးလိပ်သောက်သူတစ်ဦးဖြစ်ခဲ့လျှင် သင်**ကိုယ်တိုင်အဆုတ်ရောဂါကိုခံစားရလိမ့်မည်ဖြစ်ကြောင်း** ဒေါက်တာဘီပန်ပက်တယ်က တိုရက်ခ်ဂျာနယ်၌ ၎င်း၏ တွေ့ရှိချက်နိဂုံးချုပ်၌ ဖော်ပြထားသည်။

ပါးရေတွန့်မှု

မိမိတို့သည် စီးကရက်သောက်သူများ၏ မျက်နှာတွင်ဆေးလိပ်မသောက်သူများထက် ပါးရေတွန့်မှု အရေးအကြောင်းများ ငါးဆမျှ ပို၍တွေ့ရကြောင်း ၎င်းကပြောကြားသည်။

အသက်ရှူကျပ်

ဆေးလိပ်သောက်ခြင်းကြောင့် **အဆုတ်ရောဂါစတင်ဖြစ်ပွားခြင်းသည် ချောင်းဆိုးပြီး ချွဲသလိပ်များထလာသည်။ ၎င်းအခြေအနေမှတစ်ဆင့် အဆုတ်ကိုပျက်စီးစေကာ အသက်ရှူကျပ်လာခြင်းဖြစ်သည်။ ထိုကဲ့သို့ အဆုတ်ရောဂါမဖြစ်မီ မျက်နှာတွင် အရေးအကြောင်း ပါးရေတွန့်ခြင်းကို ဖြစ်စေသည်ဟုဆိုသည်။**

ဆေးလိပ်သောက်ခြင်းကြောင့် **အဆုတ်ရောဂါခံစားရပြီး သေဆုံးခြင်းများ နိုင်ငံအများစုတွင် ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၂၀ပြည့်နှစ်တွင် ဆေးလိပ်သောက်ခြင်းကြောင့်သေဆုံးမှုသည်ကမ္ဘာပေါ်တွင်တတိယအများဆုံးသေဆုံးရမှု ဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။**

(ကိုးကား–အင်တာနက်)

ကမ္ဘာတစ်ဝန်းသရီးဂျီဖုန်းအသုံးပြုသူ သန်း ၁၀၀ကျော် ရှိလာပြီဖြစ်

သရီးဂျီမိုဘိုင်းလ်ဖုန်း အသုံးပြုသူများအရေအတွက်သည် ကမ္ဘာတစ်ဝန်းတွင် သန်း ၁၀၀ကျော် ရှိလာကြောင်း ပါရီမြို့၌ပြုလုပ်သော ယူအမ်တီအက်စ်ဖိုရမ်က ဇွန် ၁၃ရက်၌ ပြောကြားသည်။

၂၅သန်းကျော်

အဆိုပါ သရီးဂျီဖုန်းများတွင် ယူအမ်တီအက်စ်(ဒဗလျူစီဒီအမ်အေ)စနစ်ဖြင့် သုံးစွဲသူ ၇၅သန်းရှိပြီး စီဒီအမ်အေစနစ်ဖြင့်သုံးစွဲသူ ၂၅သန်းကျော်ရှိကြောင်း အဆိုပါ ဖိုရမ်ဥက္ကဋ္ဌ ဂျိမ်းပီယာရီ ဘီယန်နာမီက ဆက်သွယ်ရေးကွန်ဖရင့်၌ ပြောကြားသည်။

အသုံးများ

အဆိုပါဖုန်းများကို သရီးဂျီ ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း သိရသည်။ ဥရောပတွင် ယူအမ်တီအက်စ်အသုံးပြုသူ ၅၁ရာခိုင်နှုန်းရှိပြီး အာရှနှင့် ပစိဖိတ်ဒေသတွင် ၄၈ရာခိုင်နှုန်းရှိသည်။ စီဒီအမ်အေသည် မြောက်နှင့် တောင်အမေရိကနှင့် တောင်ကိုရီးယားတို့၌ အသုံးပြုမှုများသည်။

ထိုအတောအတွင်း တရုတ်ဂျီအက်စ်အမ်အဖွဲ့က မကြာမီ ကမ္ဘာတစ်ဝန်း ဂျီအက်စ်အမ်အသုံးပြုသူ နှစ်ဘီလီယံကျော်ရှိလာရန် မျှော်မှန်းထားသည်။ **(ကိုးကား–အင်တာနက်)**

ဒရော့ဘာနှင့် ရော်ဘင် မည်သူက ဂိုးအရင်သွင်းပြနိုင်မလဲ အာဂျင်တီးနားနှင့် ဆားဗီးယားပွဲ အကြိတ်အနယ်နွှဲရမည်

ရန်ကုန် ဇွန် ၁၅

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ကျင်းပလျက်ရှိရာ အိမ်ရှင်ဂျာမနီအသင်း နိုင်ပွဲဆက်၍ အုပ်စုတက်ရန် သေချာသွားပြီဖြစ်သည်။ ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် အုပ်စု ဒုတိယပွဲစဉ်များအဖြစ် အုပ်စု(ဂ)မှ အာဂျင်တီးနားနှင့် ဆားဗီးယား၊ နယ်သာလန်(ဟော်လန်)နှင့် အိုင်ဗရီကို့စ်၊ အုပ်စု(ဃ)မှ မက္ကဆီကိုနှင့် အင်္ဂလာတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မက္ကဆီကို နည်းပြ

မက္ကဆီကို နည်းပြ ရီကာဒို လာဗော်ပီ။

(ဓာတ်ပုံ– အင်တာနက်)

အာဂျင်တီးနားနှင့် ဆားဗီးယား

ဇွန် ၁၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဂျယ်လ်ဆင်ကာချန်မြို့ရှိ Aufschlke Arena အားကစားကွင်း၌ အုပ်စု(ဂ)မှ အာဂျင်တီးနားအသင်းနှင့် ဆားဗီးယားနှင့် မွန်တီနီဂရိုးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ချန်ပီယံခြေစွမ်းပြပြီး သုံးမှတ်အပြည့်ရထားသော အာဂျင်တီးနားအသင်းနှင့် ပွဲဦးထွက်ရှုံးထားသော ဆားဗီးယားတို့ပွဲစဉ်မှာ အကြိတ်အနယ်နွှဲရမည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

အာဂျင်တီးနား အသင်းသည် တာထွက် ကောင်းလေ့ရှိသည့်အတိုင်း ပွဲဦးထွက်၌ အိုင်ဗရီကို့စ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဂျင်တီးနားအတွက် ခရက်စပိုနှင့် ဆာဗီယိုလာတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဆာဗီယိုလာက ရရှိခဲ့သည်။ အာဂျင်တီးနားနှင့် အိုင်ဗရီကို့စ်ပွဲ မကစားမီက ဆာဗီယိုလာနှင့် ပတ်သက်၍ အင်တာနက်သတင်း တစ်ရပ်ပေါ်ထွက်ခဲ့သည်။ ဆာဗီယိုလာနှင့် နည်းပြ ပီကာမင်တို့ အဆင်မပြေ၍ ဆာဗီယိုလာကို ပထမ ၁၁ ယောက်စာရင်း၌ ထည့်သွင်းမည်မဟုတ်ရာ ကမ္ဘာ့ဖလားပွဲတွင် ဆာဗီယိုလာ ခြေစွမ်းပြခွင့် ရတော့မည်မဟုတ်ဆိုသော သတင်းပင်ဖြစ်သည်။ အင်တာနက်သတင်း မှားသည်လား၊ နည်းပြ ပီကာမင်ကပဲ ပြိုင်ဘက်များကို မျက်လှည့်ပြလို၍လား မသိ၊ တစ်ကယ်ကစားတော့ ဆာဗီယိုလာ တာထွက်အသင်း၌ ပါဝင်လာပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသင်းကြီးများ၏ ပွဲစဉ်တိုင်းကို မလွတ်တမ်းကြည့်ခဲ့ရာ အကြိုက်ဆုံးအသင်းကို ပြောပါဆိုလျှင် အာဂျင်တီးနားပါပဲဟု ပြောချင်သည်။ ဘရာဇီးအသင်းကို ဗိုလ်စွဲရန် အလားအလာအကောင်းဆုံးဟု လက်ခံထားဆဲဖြစ်သော်လည်း တစ်ပွဲစီ ကစားပြီးသွားသော ခြေစွမ်းအရ အသင်းလိုက်ကစားကွက်၊ တစ်ဦးချင်း ကြိုးစားအားထုတ်မှုနှင့် ပွဲချိန်တစ်လျှောက်လုံး ကစားအားကောင်းမွန်မှုတို့တွင် အာဂျင်တီးနားကို အမှတ်ပြည့် ပေးချင်မိသည်။ အာဂျင်တီးနားအနိုင်ယူခဲ့သော အိုင်ဗရီကို့စ်အသင်းသည် အာဖရိကတိုက်မှ ခြေစစ်ပွဲအောင်မြင်လာသောအသင်းများထဲတွင် အတောင့်တင်းဆုံးဖြစ်သည်။ ထရီနီဒက်အသင်းထက်ပင် အိုင်ဗရီကို့စ်အသင်း ကစားဟန်ကို သဘောကျသည်။

ဆားဗီးယား

ပွဲဦးထွက်၌ နယ်သာလန်(ဟော်လန်)ကို တစ်ဂိုးတည်းဖြင့် ကပ်ရှုံးခဲ့သော ဆားဗီးယားနှင့် မွန်တီနီဂရိုးအသင်းသည် ခြေစွမ်း ညံ့လှသည်မဟုတ်ပေ။ ထိုပွဲစဉ်၌ ဟော်လန်မှ ရော်ဘင် ကောင်းလွန်း၍ တစ်ဂိုးပေးလိုက်ရခြင်းနှင့် ဆားဗီးယားတို့ အခွင့်အရေးကို ပိုင်နိုင်စွာအသုံးမချနိုင်ခဲ့၍ ဖြစ်သည်။ ဆားဗီးယားမှ ဘောလုံးသမားများ လူကောင် ထွားကျိုင်းပြီး ကြံ့ခိုင်မှုကောင်းကြရာ ပြိုင်ပွဲဝင်အသင်းများထဲ၌ ဘောလုံးသမားစတိုင်အကျဆုံးဖြစ်နေသည်။ ဆားဗီးယားအသင်းသည် ယခုပွဲအနိုင်ရမှသာ အုပ်စုတက်ရေး မျှော်လင့်ချက်ရှိမည်ဖြစ်ရာ ဖောင်ဖျက်ကစားရမည် ဖြစ်သည်။

ဟော်လန်နှင့်ပွဲတွင် ခံစစ်ဦးစားပေးကစားခဲ့သည့်အတွက် ဆားဗီးယား နည်းပြ ပက်ကိုဗစ်ကို အသင်းသားများက ဝေဖန်ပြောကြားမှုများရှိခဲ့သည်။ နည်းပြသည် တောင်ပံတိုက်စစ်သမား ကိုရိုမန်ကို ပထမ ၁၁ ယောက်စာရင်း၌ ထည့်သွင်းမကစားခဲ့ခြင်းနှင့် ခံစစ်အားသန်သည့် ကစားသမားများကို ဦးစားပေး အသုံးပြုခဲ့ခြင်းကြောင့် ဖြစ်သည်။ အသင်းသားများက နည်းပြပက်ကိုဗစ်ကို စိတ်ဆိုးဒေါသထွက်နေပြီး ခံစစ်မကစားဘဲ တိုက်စစ်ကစားလျှင် အနိုင်ရနိုင်ကြောင်း၊ ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားစေလျှင် ဂိုးရနိုင်ကြောင်း၊ သူ့ရဲဘောကြောင်သည့် လူတစ်ယောက်၏ နည်းဗျူဟာမျိုးဖြစ်နေကြောင်း အလယ်တန်းလူ ကိုရိုမန်က ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောကြားခဲ့သည်။ တိုက်စစ်မှူး ကက်ဇ်မန်းကလည်း လာမည့်ပွဲစဉ်များ၌ တိုက်စစ်ဦးစားမပေးခဲ့လျှင် အုပ်စုမှပင် ထွက်သွားရနိုင်သည်ဟု ဝေဖန်ပြောကြားနေရာ နည်းပြ ပက်ကိုဗစ်အနေဖြင့် တိုက်စစ်ဗျူဟာ ပြောင်းမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ထိခိုက်လာနိုင်

အာဂျင်တီးနားနှင့် ဆားဗီးယားတို့ခြေစမ်းပွဲများ၌ သုံးကြိမ်ဆုံတွေ့ခဲ့ဖူးရာ အာဂျင်တီးနားက နှစ်ပွဲနိုင်ပြီး ဆားဗီးယားက တစ်ပွဲ အနိုင်ရရှိခဲ့သည်။ အာဂျင်တီးနားက လက်ရှိ ကမ္ဘာ့အဆင့်(၈)၊ ဆားဗီးယားက လက်ရှိ ကမ္ဘာ့အဆင့်(၄၆) ဖြစ်သည်။ အာဂျင်တီးနားမှ မက်ဆီ ဒဏ်ရာရနေပြီး ဆားဗီးယားမှ ဗီဒစ်နှင့် ဗူစီနစ်တို့ ဒဏ်ရာရနေသည်။ ဆားဗီးယား နည်းပြနှင့် အသင်းသားများကြား နည်းဗျူဟာနှင့် ပတ်သက်၍ သဘောထားကွဲလွဲနေခြင်းမှာ အသင်းအတွက် ထိခိုက်လာနိုင်စရာရှိသည်။ ယခုပွဲကျမှ ဆားဗီးယား တိုက်စစ်ဖွင့်ကစားခဲ့လျှင် အာဂျင်တီးနားတို့ အကြိုက်တွေ့သွားမည် ဖြစ်သည်။ ဆားဗီးယားနောက်တန်း ကျစ်လျစ်မာကြောရာ အာဂျင်တီးနား လွယ်လွယ်နှင့် ဂိုးမရနိုင်ပေ။ တောင်အမေရိကမှ အာဂျင်တီးနား ကစားသမားများ လူကောင်သေးပြီး အရပ်ပုကြရာ အရပ်မြင့်ပြီး လူကောင်ကြီးသည့် ဆားဗီးယားကို လူခွာကစားရပေမည်။ အာဂျင်တီးနားမှ ခရက်စပိုနှင့် ဆာဗီယိုလာတို့ ဂိုးသွင်းခြေ မှန်နေပြီဖြစ်ရာ သရေပင်မဖြစ်နိုင်ဘဲ နိုင်ပွဲတွေ့သွားမည်ဟု ထင်မိသည်။

နယ်သာလန်နှင့် အိုင်ဗရီကို့စ်

ဇွန် ၁၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် စတုဂတ်မြို့ရှိ Gottlieb-Daimler-Stadion အားကစားကွင်း၌ အုပ်စု(ဂ)မှ ဟော်လန်(နယ်သာလန်) အသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲဦးထွက် အနိုင်ရထားသော ဟော်လန်အသင်းနှင့် ပွဲဦးထွက် ရှုံးထားသော အိုင်ဗရီကို့စ်ပွဲမှာ မမျှော်လင့်သော ရလဒ်ပေါ်ထွက်လာနိုင်သော ပွဲကျပ်တစ်ပွဲဖြစ်နေသည်။

ဟော်လန်အသင်းသည် အာဂျန် ရော်ဘင်၏ တစ်လုံးတည်းသော ဂိုးဖြင့် ဆားဗီးယားကို အနိုင်ရရှိခဲ့ရာ ခြေစွမ်း အကောင်းကြီးမဟုတ်ချေ။ ရော်ဘင် ကွင်းလယ်သာသာမှ ဆွဲထွက်သွားပြီး ဂိုးသမားနှင့်တစ်ဦးချင်း ရင်ဆိုင်တွေ့သည့် အနေအထားမှ သွင်းယူခဲ့သောဂိုးမှာ လှပသော ဂိုးတစ်ဂိုးဖြစ်သည်။ ရော်ဘင်၏ ဘောလုံးကျွမ်းကျင်မှုနှင့် လျင်မြန်မှုကြောင့်သာ ရခဲ့ခြင်းဖြစ်သည်။ ထိုပွဲမှာ ရော်ဘင်၏ပွဲဖြစ်ခဲ့၍ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရော်ဘင်ကပင် ရရှိခဲ့သည်။

ဟော်လန်အသင်းမှ တိုက်စစ်မှူး နစ္စတယ်ရွိုင်းနှင့် ဗန်ပါစီတို့ ခြေစွမ်းမပြနိုင်ကြသေးပေ။ ရော်ဘင် ဘယ်တောင်ပံ၊ ညာတောင်ပံနှစ်ဖက်စလုံးမှ မွှေနှောက်ထိုးဖောက်ပြီး ဖန်တီးပေးသော်လည်း နစ္စတယ်ရွိုင်း ကောက်စားနိုင်ခြင်းမရှိ၍ ဂိုးအရနည်းခဲ့ခြင်းဖြစ်သည်။

အိုင်ဗရီကို့စ် အသင်းသည် အာဂျင်တီးနားကို ခြေစွမ်းအားဖြင့် သူတင်ကိုယ်တင် ယှဉ်ကစားနိုင်ခဲ့သော်လည်း နောက်တန်းအားနည်း၍ ပထမပိုင်းမှာပင် နှစ်ဂိုးပေးခဲ့ရသည်။ ဒုတိယပိုင်း၌ အာဖရိကအသင်းပီပီ ကစားအားမကျဘဲ ပါဝင်တင်ကစားရာ ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ အိုင်ဗရီကို့စ်အသင်းအတွက် ချေပဂိုးကို ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက သွင်းယူပေးခြင်းဖြစ်သည်။ ဒရော့ဘာ အထူးကြိုးစားပြီး အသင်းကိုဦးဆောင်ကစားခဲ့သည်။ ဥရောပမှ ဘောလုံးမင်းသားများနှင့်မတူသည်မှာအာဖရိကတိုက်မှ ဘောလုံးသမားများ ကလပ်အသင်းထက် နိုင်ငံ့လက်ရွေးစင်အသင်းတွင် ပို၍အားထည့်သည်ကို တွေ့ရသည်။ ထရီနီဒက်မှ ဒွိုက်ယော့ခ်နှင့် အိုင်ဗရီကို့စ်မှ ဒရော့ဘာတို့ ကလပ်၌ ကစားသည်ထက်ပင် ပို၍ ကြိုးစားကစားကြသည်။

မချိတင်ကဲဖြစ်

အိုင်ဗရီကို့စ်အသင်းသည်ဥရောပ ကစားသမားများပါဝင်၍ ဘောလုံးအထိန်းအသိမ်းကောင်းပြီး ကစားပုံ ညက်ညောသည်။ ခွန်အားသက်သက်ဖြင့် အတက်အဆင်းကစားခြင်းမျိုး မဟုတ်ဘဲ တိုက်စစ်ဆင်ရာ၌ one-twoတွဲလုံးများဖြင့် ထိုးဖောက်သည်။ ဟော်လန်မှ ရော်ဘင်နှင့်အိုင်ဗရီကို့စ်မှ ဒရော့ဘာတို့ ချယ်လ်ဆီးအသင်းမှ ကစားဖော်များဖြစ်ကြရာ မည်သူက ဂိုးအရင်သွင်းပြမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ အာဂျင်တီးနားကို ရှုံးခဲ့ရခြင်းအတွက် တိုက်စစ်မှူး ဒရော့ဘာက မချိတင်ကဲဖြစ်နေသည်။ မိမိ ဂိုးသွင်းနိုင်ခြင်း၊ မသွင်းနိုင်ခြင်းထက် အသင်း အမှတ်ရရှိရေးသာ အဓိကကျကြောင်း ပြောကြားခဲ့သည်။

ဟော်လန်နည်းပြ မာကိုဗန်ဘက်စတင်က ဆားဗီးယားကိုအနိုင်ရရှိပြီးနောက် ကစားရခက်သည့်အသင်းနှင့် ကစားခဲ့ရခြင်းဖြစ်ကြောင်း၊ ပွဲဦးထွက်ဖြစ်၍ အရေးပါလှကြောင်း၊ အနိုင်ရရှိ၍ ဝမ်းသာရပြီး အခုမှ အမောပြေသွားကြောင်း ပြောကြားခဲ့သည်။ နည်းပြ မာကိုဗန်ဘက်စတင်အနေဖြင့် အမောပြေ၍မဆုံးခင် ကစားရခက်သည့် နောက်ထပ် တစ်သင်းနှင့် ရင်ဆိုင်ရဦးမည်ဖြစ်သည်။ ဘောလုံးပါဝါအရ ဟော်လန်နိုင်မည်ဟု အလွယ်တကူကောက်ချက်ချ၍ မဖြစ်နိုင်ပေ။ ဟော်လန်အသင်း ကစားပုံလေးပြီး ရော်ဘင်ကိုသာ အားကိုးလွန်းနေခြင်းကြောင့် ဂိုးရခက်ခဲနိုင်သည်။ ရော်ဘင် ခြေစွမ်းပြနိုင်မည်မှာ သေချာသော်လည်း နစ္စတယ်ရွိုင်းနှင့် ဗန်ပါစီတို့ ခြေမှန်မပေါ်လျှင် သရေလောက်နှင့် ကျေနပ်ရဖို့များသည်။

ဟော်လန်အသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ ဟော်လန်က လက်ရှိ ကမ္ဘာ့အဆင့်(၃)၊ အိုင်ဗရီကို့စ်က လက်ရှိ ကမ္ဘာ့အဆင့်(၃၂)ဖြစ်သည်။ ဟော်လန်အသင်းတွင် ဗန်ဒါဆာ(ဂိုး)၊ မာတီဆန်၊ ဗန်ဘရွန်ခရော့စ်၊ ကိုကူး၊ နစ္စတယ်ရွိုင်း၊ ရော်ဘင်၊ အိုအီဂျာ၊ ဟိုက်တင်ဂါ၊ ဗန်ပါစီ၊ ဗန်ဘွန်းမဲလ်၊ ရှနိုက်ဒါတို့ ပါဝင်လာဖွယ်ရှိသည်။ အိုင်ဗရီကို့စ်အသင်းတွင် တီဇီ(ဂိုး)၊ အကာလီ၊ ဘိုတာ၊ ကိုလိုတိုရေး၊ ဇိုကိုရာ၊ ကာလူး၊ ဒရော့ဘာ၊ မိတီ၊ ကီတာ၊ ယာယာတိုရေး၊ အီဘိုးရေးတို့ တာထွက်အသင်း၌ ပါဝင်လာဖွယ်ရှိသည်။ ယခုပွဲ သရေကျသွားနိုင်ပြီး နိုင်ချင်းနိုင်လျှင် ဟော်လန်ပဲဖြစ်မည်ဟု ထင်မိသည်။

မက္ကဆီကိုနှင့် အင်္ဂလာ

ဇွန် ၁၇ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ဟန်နိုဗာမြို့ရှိ AWD Arena အားကစားကွင်း၌ အုပ်စု(ဃ)မှ မက္ကဆီကိုအသင်းနှင့် အင်္ဂလာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ပွဲဦးထွက် မျက်နှာပန်းလှခဲ့သော မက္ကဆီကိုအသင်းနှင့် ပေါ်တူဂီကို တစ်ဂိုးဖြင့်ကပ်ရှုံးခဲ့သော အင်္ဂလာအသင်းတို့၏ပွဲစဉ်မှာ ကစားဟန်မတူသော နှစ်သင်းဆုံတွေ့ခြင်းဖြစ်၍ စိတ်လှုပ်ရှားစရာ ပွဲတစ်ပွဲဖြစ်သည်။

မက္ကဆီကိုအသင်းသည် နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှု မြင့်မြင့်မားမားရသည့် အစဉ်အလာမရှိသေးသော်လည်း ပြိုင်ဘက်များက လေးစားရသော ခြေစွမ်းပိုင်ရှင်များဖြစ်သည်။ ပွဲဦးထွက်၌ အီရန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ မက္ကဆီကိုတို့၏ စိတ်ဓာတ်မာကြောမှုနှင့် ဘောလုံးပညာကို ပြသနိုင်ခဲ့သည်။ အီရန်အသင်း ပွဲစစချင်း ဝုန်းဒိုင်းကြဲကစားပြ၍ မက္ကဆီကိုအသင်း ပြာသွားပြီး ကစားကွက်တည်မရဖြစ်ခဲ့သေးသည်။ သို့သော်လည်း ပွဲချိန် ၂၈ မိနစ်တွင် မက္ကဆီကိုတိုက်စစ်မှူး အိုမာဘရာဗိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ အီရန်အသင်းက ချေပဂိုးသွင်းယူခဲ့၍ ပထမပိုင်း သရေကျနေရာ ပွဲအဖြေ စဉ်းစားရခက်ခဲ့သည်။

ခြေကုန်ထုတ်ကစား

အိုမာဘရာဗိုက ၇၆ မိနစ်တွင် ဒုတိယဂိုး၊ ဇင်ဟာက ၇၉ မိနစ်တွင် တတိယဂိုးသွင်းယူနိုင်၍ မက္ကဆီကိုတို့ ပွဲဦးထွက်မျက်နှာပန်းလှခဲ့သည်။ မက္ကဆီကို တိုက်စစ်မှူး အိုမာဘရာဗို ခြေစွမ်းပြနိုင်၍ ပွဲစဉ်အလိုက် အကောင်ဆုံး ဘောလုံးသမားဆုရခဲ့သည်။ ကွန်ကာကက်ဖ်ဒေသမှ အမေရိကန်အသင်း အရေးမလှသော်လည်း မက္ကဆီကိုအသင်း အုပ်စုတက်ရန် အလားအလာ ကောင်းသွားပြီဖြစ်သည်။ အင်္ဂလာကိုနိုင်ခဲ့လျှင် ပေါ်တူဂီနှင့် အုပ်စုပထမလုရန်သာရှိရာ ယခုပွဲ ခြေကုန်ထုတ်ကစားမည်ဖြစ်သည်။ မက္ကဆီကိုအသင်းမှ ဘော်ဂတ်တီ ဒဏ်ရာရနေခြင်းကြောင့် ယခုပွဲပါဝင်ရန် မသေချာပေ။ ဘော်ဂတ်တီ နေရာတွင် ဖွန်ဆီကာ ပါဝင်ကစားဖွယ်ရှိသည်။ မက္ကဆီကိုအသင်း ကစားသည့် မြို့တိုင်း၌ ပေါ့ပ်ဂီတအဖွဲ့ဖြစ်သည့် El Recodo က လိုက်လံဖျော်ဖြေလျက်ရှိရာ လက်မှတ်မရရှိသော မက္ကဆီကို ပရိသတ် ၁၀၀၀၀ ကျော်က ဂီတဖျော်ဖြေမှုကို အားပေးကြည့်ရှုကြသည်ဟု သိရသည်။

အင်္ဂလာအသင်း

အာဖရိကတိုက်မှ ခြေစစ်ပွဲအောင် မျက်နှာသစ် အင်္ဂလာအသင်း ခြေစွမ်းမည့်ကြောင်းကို ပေါ်တူဂီနည်းပြ စကိုလာရီ မြင်တွေ့လိုက်ရပြီဖြစ်သည်။ ပေါ်တူဂီအသင်းကို တစ်ဂိုးဖြင့် ကပ်ရှုံးခဲ့သော အင်္ဂလာအသင်းသည် အုပ်စုတက်ရေး မျှော်လင့်ချက်ကို စွန့်လွှတ်ဦးမည် မဟုတ်ပေ။ အုပ်စုနောက်ဆုံးပွဲအဖြစ် အီရန်နှင့် ကစားရမည်ဖြစ်ရာ ယခုပွဲ အနိုင်ရလျှင် အခြေအနေကောင်းနိုင်သည်။ ပေါ်တူဂီ ခြေစွမ်းပြနိုင်ခဲ့သည့်တိုင် အင်္ဂလာကို ဒုတိယပိုင်း တစ်ချိန်လုံး ဂိုးမသွင်းနိုင်ခဲ့သည့်အချက်ကို ကြည့်လျှင် အင်္ဂလာနောက်တန်း မာကြောသည်ကို သိနိုင်သည်။ အီရန်အသင်းကဲ့သို့ ဒုတိယပိုင်း Tempoကျသွားမည့်အသင်းမဟုတ်၍ အင်္ဂလာကို မက္ကဆီကို လျှော့တွက်၍ မရပေ။

မက္ကဆီကို၏ လက်ရှိကမ္ဘာ့အဆင့်က အဆင့်(၄)၊ အင်္ဂလာ၏ လက်ရှိ ကမ္ဘာ့အဆင့်က (၅၈)ဖြစ်သည်။ မက္ကဆီကိုနှင့် အင်္ဂလာတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ အင်္ဂလာ ဘောလုံးသမားများ အရပ်မြင့်မားပြီး ပြေးအားကောင်းကြ၍ တောင်ပံတိုက်စစ်ကို အားပြုမည်ဖြစ်သည်။ မက္ကဆီကိုအသင်း ကစားဟန်က ကွင်းလယ်ကိုစိုးမိုးပြီး တိကျသော ဘောလုံးအပေးအယူဖြင့် ညက်ညက်ညောညော ကစားတတ်ရာ ကြည့်ကောင်းလှသည်။ မက္ကဆီကို ဂိုးသမား ဆန်းချက်ဇ်၏ ဖခင်ဖြစ်သူသည် မကြာသေးမီက နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ဂိုးသမား ဆန်းချက်ဇ်က ဖခင်ကွယ်လွန်မှုကြောင့် ဝမ်းနည်းကြေကွဲရသော်လည်း ဝမ်းနည်းမှုကို ခွန်အားအဖြစ် ပြောင်းလဲမည်ဟု ပြောကြားခဲ့သည်။

ဂိုးချေးဦးမပေါက်

ဆန်းချက်ဇ်သည် မက္ကဆီကိုနိုင်ငံ၌ ကျော်ကြားသော ဂိုးသမားတစ်ဦးဖြစ်ပြီး သေချာပေါက်ဂိုးများကို အစွမ်းပြကာကွယ်နိုင်သူ ဖြစ်သည်။ အင်္ဂလာတို့ ဂိုးချေးဦးမပေါက်သေးဘဲရှိရာ ယခုပွဲလည်း ဆန်းချက်ဇ် အစွမ်းပြနိုင်မှုကြောင့် ဂိုးရရန် လွယ်ကူမည်မဟုတ်ပေ။ မက္ကဆီကိုအသင်း၏ အတို့အဆိတ်ကလေးများနှင့် ညက်ညောသောကစားဟန်ကို မျက်စိထဲက မထွက်ဘဲဖြစ်နေရာ မက္ကဆီကို နိုင်မည့်ဘက်မှ ရဲရဲကြီး ရပ်ကြည့်ချင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ – ကိုထွေး

■ *ကျောဖုံးမှ*

ထိုသို့ ပန်းချီပြပွဲများ ပြုလုပ်သည့် ရန်ကုန်မြို့ အမှတ်၂၇၁ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်ရှိ **“စိတ်အာရုံ ပန်းချီ ပြပွဲ”**ပြုလုပ်ရာ Insight Art Gallery ခန်းမသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

အမြင်အာရုံခံစားမှု

ဇွန် ၁၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ သုံးလတာခင်းကျင်းပြသမည့် **“စိတ်အာရုံပန်းချီပြပွဲ”**တွင် ပန်းချီဆရာ၂၈ဦးတို့၏ ပန်းချီကားပေါင်း ၁၃၀ ခန့် ခင်းကျင်းပြသထားရာ ရေးချက်၊ ရေးလက်၊ စိတ်ကူးနှင့် အတွေးအခေါ်များ မတူညီကြသည်ဖြစ်ရာ ပန်းချီကား တစ်ကားနှင့်တစ်ကား အမြင်အာရုံ ခံစားမှုကွဲပြားစွာ တွေ့မြင်ရသည်။

အားရဖွယ်

ပန်းချီဆရာပေါင်းများစွာ၏ လက်ရာများ တစ်နေရာတည်း တစ်စုတစ်ဝေး တွေ့မြင်ရသည်မှာ အားရဖွယ်ကောင်းလှသည်။ မြန်မာ့ပန်းချီဝါရင့်ဆရာများနှင့် လူငယ်ပန်းချီဆရာများ၏ လေးနက်သော ကြိုးစား အားထုတ်မှုများကို အသိအမှတ်ပြုရသည်။

ပေါ်လွင်

ပထမဦးစွာ ပန်းချီဆရာနန္ဒာလှိုင်၏ **“လှိုင်း”**အမည်ရှိ ပန်းချီကားကို လေ့လာမိသည်။ အခရိုင်းလစ်နှင့် ရေးဆွဲထားရာ ပင်လယ်လှိုင်းထန်ပြီး ငြိမ်သက်စပြုသည့် အနေအထားကို အလင်းရောင်ဖျော့ဖျော့တွင် ဆေးထူထူကို သုံးထားသဖြင့် ဆွဲဆောင်မှုရှိလှသည်။ ပင်လယ်၊ တောင်တန်း၊ မိုးတိမ်လင်းစ အနေအထားကို အမိအရ ဖမ်းယူကာ လှိုင်းလေမြင်ကွင်းကို ပေါ်လွင် ခြယ်မှုန်းပြနိုင်ပေသည်။ ကောင်းကင်တွင် မိုးတိမ်ကင်းစ၊ ပင်လယ်ပြင်တွင် လှိုင်းလေငြိမ်စ အနေအထားကို တစ်ပြိုင်နက်တည်း ပေါ်လွင်အောင် အရောင်များဖြင့် ဖမ်းစားထားခြင်းဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုဗိသုကာလက်ရာများ အဆင့်အတန်းမြင့်မားပုံကို ပန်းချီမောင်ကျော်ခေါင်၏ သရုပါတံခါး အမည်ရှိ ပန်းချီကားတွင် အထင်အရှား တွေ့နိုင်သည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

နောက်ပန်းချီကားတစ်ချပ်မှာ ကြည်ဝင်း (ရန်ကင်း)၏ လက်ရာ **“လီဆူးရက်ကန်း”**၏ ပန်းချီကား ဖြစ်သည်။ ဆီဆေးဖြင့် ရေဆွဲထားခြင်းဖြစ်ပြီး ကချင်ပြည်နယ် မချမ်းဘောရှိ လီဆူးတိုင်းရင်းသားတို့၏ နေအိမ်ဘေးတွင် လက်ရက်ကန်းခတ်နေပုံကို သဘာဝအတိုင်း ရေးဆွဲထားခြင်း ဖြစ်သည်။ အပူရောင်များမသုံးဘဲ နေအိမ်တောင်တန်းများကို အစိမ်းရောင်ခံပြီး သုံးထားသည်မှာ လီဆူးတိုင်းရင်းသားတို့၏ ရက်ကန်းခတ်ပုံကို အပြင်မြင်ကွင်းအတိုင်း တွေ့မြင်ရသလို ခံစားရသည်။

တစ်ဖန် ပန်းချီ မျိုးဆက်၏ **“ထန်းတက်သမား”** အမည်ရှိ ပန်းချီကားမှာ ၂၂လက်မ x ၃၃လက်မ အရွယ် ဆိုဒ်ကြီးဖြစ်သည်။ အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းနှင့် ပုဂံဒေသတစ်ဝိုက်တွင်ရှိသော ထန်းတက်သမားတို့ ဘဝကိုဖော်ကျူးထားခြင်းဖြစ်သည်။ အစိမ်းရောင်လွှမ်းနေသော ထန်းပင်များ နောက်ခံကာ ထန်းပင်တက်နေသော ထန်းတက်သမားတစ်ဦး၏ လုပ်ငန်းခွင်မြင်ကွင်းကို အရောင်အားပါပါဖြင့် ခြယ်မှုန်းထားသည်မှာ စိတ်အာရုံကို စွဲထင်စရာဖြစ်စေသည်။

ထန်းတက်သမား

ထန်းတက်သမားတစ်ဦး၏ လုပ်ငန်း ခွင်ကို ခြယ် မှုန်း ထားသည့် ပန်းချီ မျိုးဆက်၏ ထန်းတက် သ မား အမည်ရှိ ပန်းချီကားမှာ သက်ဝင်လှသည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

နွားလှည်း

ပန်းချီဆရာ ညောင် လေး ပင် သန်းဝင်း၏ နွားလှည်း အမည်ရှိ ပန်း ချီ ကား မှာ ကျေးလက်ဒေသ၏သရုပ်ကို ပေါ်လွင်စေသည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ကျေးလက်ဒေသ

ကျေးလက်ဒေသ၏ သရုပ်ကို ပုံဖော်ထားသည့် **“နွားလှည်း”**အမည်ရှိ ပန်းချီကားမှာ ပန်းချီဆရာ ညောင်လေးပင်သန်းဝင်း၏ လက်ရာဖြစ်သည်။ ညောင်လေးပင်မြို့အနီး ကျေးလက်ဒေသတစ်ခု၌ နွားလှည်းဖြင့်ခရီးသွားနေသူများကို ရေးဆွဲထားခြင်းဖြစ်သည်။ မြူးကြွစွာ ပြေးဆွဲနေသောနွားများ၊ နွားလှည်းကြောင့် ဖုန်ထနေမှုများ၊သစ်ပင်၊တိမ်တို့နှင့် လိုက်ဖက်ညီစွာ ပေါင်းစပ်ထားရာ ပန်းချီမှာ ရုပ်လုံးကြွလျက်ရှိသည်။ ညီညွတ်အရောင်ပေါင်းစပ်မှု၊ မြင်ကွင်းရွေးချယ်မှု၊ ပြေပြစ်သော ရေးဆွဲဟန်တို့ကြောင့် ကျေးလက်ခရီးသွား နွားလှည်းမှာ မြူးကြွစွာ ပေါ်လွင်လှသည်။ သဘာဝကို အရှိအတိုင်း ပန်းချီပညာဖြင့် ပုံဖော်နိုင်ခြင်းကို လေးစားမှုဖြစ်ရသည်။

အမြင်ဆန်း

ဆရာခင်မောင်မြင့်၏ **“ညောင်ဦးလှေဆိပ်”** ပန်းချီကားမှာ အမြင်ဆန်းလှသည်။ ညောင်ဦးကမ်းခြေတွင်ရှိနေသော စဉ့်အိုးကြီးများကို အစီအရီဖြစ်အောင် ဆိပ်ကမ်းဘက်မှ အမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ စဉ့်အိုးကြီးများအား ရေးခြယ်မှုမှာ သဘာဝကျလှသည်ဖြစ်ရာ တကယ့်စဉ့်အိုးကြီးများကို ကြည့်နေရသလို၊ မြစ်ကမ်း၏ တကယ့်မြင်ကွင်းအလှကို မြင်တွေ့ရသလို ခံစားရသည်။ မြင်ကွင်း အနီးအဝေး၊ ရုပ်ဝတ္ထုများနှင့် အလင်းအမှောင်၊ အရောင်သုံးထားမှုမှာ သူ့နေရာနှင့်သူ စနစ်ကျစပ်ဟပ်လှသည်။

သရုပါတံခါး

ထို့အပြင် ဆရာမောင်ကျော်ခေါင်၏ **“သရုပါတံခါး”**အမည်ရှိ ပန်းချီကားမှာလည်း ဆန်းသစ်သော အမြင်နှင့် ရေးဟန်များကို တွေ့ရသည်။ သရုပါဂိတ်တံခါးကြီး၏ ထုထည်ကြီးမားပုံကို ရဟန်း၊ ကိုရင်လေးများ ပုဂံမြို့တွင်း ဆွမ်းခံကြွနေပုံနှင့် ချိန်ထိုးပြသထားသည်။ အရောင်ရင့်ရင့်များကို အသုံးပြုထားသဖြင့် သရုပါတံခါးကြီးမှာ ထီးထီးကြီး ပေါ်လွင်လျက်ရှိရာ မြန်မာတို့ ရှေးခေတ်ဗိသုကာအဆင့်ကို ဖွင့်လှစ်ပြသသကဲ့သို့ ရှိလေသည်။

ပန်းချီဆရာ နန္ဒာလှိုင်၏ လှိုင်းအမည်ရှိ ပန်းချီကားမှာ လှိုင်းလေ မြင်ကွင်းကို ဤသို့ ပေါ်လွင် ခြယ်မှုန်း တင်ပြထားသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

တန်းဝင်ပန်းချီကား

တစ်ဖန် ပန်းချီဆရာ ကိုသိန်း(စပ်စု)၏ **“တွန်းအား”**အမည်ရှိ ပန်းချီကားမှာလည်း လက်ဝှေ့သမားနှစ်ဦး၏ တစ်ဦးနှင့်တစ်ဦး ပူးကပ်စဉ် ပြန်ခွာရန် အားယူနေချိန်ကို အပေါ်စီးမြင်ကွင်းမှ အမိအရ ဖမ်းယူရေးဆွဲထားခြင်းဖြစ်သည်။ နောက်ခံအနက်ရောင်သုံးထားသဖြင့် လက်ဝှေ့သမားနှစ်ဦး၏ ရုပ်လုံးမှာ ပို၍ ထင်ရှားပေါ်လွင်နေသည်။ မြင်ကွင်းအပေါ်စီးမှ ယူထားသဖြင့် လှုပ်ရှားမှု အမြင်အာရုံဆန်းသစ်သည်။ အလင်းနှင့်အရောင်များကို ပိုင်ပိုင်နိုင်နိုင်အသုံးပြုရေးဆွဲထားသဖြင့် တန်းဝင်ပန်းချီကားပင်ဖြစ်သည်။

ကိုသိန်း(စပ်စု)၏ တွန်းအား အမည်ရှိ ပန်းချီကားမှာလည်း အပေါ်စီး မြင်ကွင်းမှ အမိအရ ရေးဆွဲထားသည်မှာ. . .။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လက်ရာစုံလင်သော၊ ရေးဟန်ကွဲပြားသော၊ အမြင်ဆန်းသစ်သော ပန်းချီကားများ တစ်နေရာတည်း တစ်စုတစ်ဝေးတည်း မြင်တွေ့ခံစားနိုင်သည့် စိတ်အာရုံပန်းချီပြပွဲသို့ မည်သူမဆိုအခမဲ့ သွားရောက်ကြည့်ရှုလေ့လာနိုင်ကြပါကြောင်း သတင်းစကားရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အာမခံလုပ်ငန်းပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းက ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ဝန်ထမ်းများနှင့် သား သမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အဆောက်အအုံ၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးကို ဌာနအလိုက် ကိုယ်စားလှယ်တို့အား ပေးအပ်သည်။ **(ဓါပုံ)**

ထောက်ပံ့ပေးအပ်

မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)ရှိ အရာထမ်း၊ ဝန်ထမ်း၊ သား သမီး စုစုပေါင်း ၁၈၇ ဦးတို့အတွက် မူလတန်းအဆင့်ကို ငွေကျပ် ၃၀၀၀၊ အလယ်တန်းအဆင့်ကို ငွေကျပ် ၄၀၀၀၊ အထက်တန်းအဆင့်ကို ငွေကျပ်၅၀၀၀ နှင့် တက္ကသိုလ်အဆင့်ကို ငွေကျပ်၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒိုက်ဦးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် ၃၀၃/၃၀၄ ဗုဒ္ဓဝေယျာဝစ္စ ဓမ္မာရုံ၌ ဇူလိုင် ၂ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် သက်တော်ရှည် ရှမ်းစုဆရာတော်ကြီးနှင့် သံဃာတော်များအား ဆွမ်းခဲဖွယ်တို့နှင့်အတူ ဝါဆိုသင်္ကန်းကို ဆက်ကပ်ပူဇော်မည်ဖြစ်သည်။ ဒိုက်ဦးမြို့နယ်သူ မြို့နယ်သား၊ အသင်းသူ အသင်းသားများ တက်ရောက်ကြပါရန်နှင့် လှူဖွယ်ဝတ္ထုနှင့်ငွေများကို နာယက ဦးဘစော ဖုန်း–၆၈၀၇၂၃၊ နာယက ဦးသောင်း ဖုန်း–၂၅၄၁၀၈၊ ဥက္ကဋ္ဌ ဦးဘဝင်း ဖုန်း–၀၉ ၈၀ ၃၂၈၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၂၀၁၁၄၂ နှင့် အတွင်းရေးမှူး ဦးတင်နု ဖုန်း–၅၈၄၂၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

✻ ရှေ့ဖုံးမှ

ထို့နောက် မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းက ဌာနအလိုက်ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

နတ်မောက်မြို့နယ် ဌာနဆိုင်ရာအနေဖြင့် ခြံစည်းရိုးကြက်ဆူပင် ၄၀၉၂၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၅၀၂၈ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်-ရွာမွန်လမ်း၏ မိုင်တိုင်အမှတ်(၃/၆)သို့ ရောက်ရှိ၍ စည်သာကျေးရွာအုပ်စု ကွဲ့မကျကျေးရွာက စုပေါင်းစိုက်ပျိုးထားသည့် ခုနစ်ဧကရှိ ခြံစည်းရိုး ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နတ်မောက်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း၌ ယင်းချောင်းကိုဖြတ်ကျော်၍ နတ်မောက်မြို့နှင့် မြို့သစ်မြို့တို့ကို ဆက်သွယ်မည့် အရှည်ပေ၃၀၀ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တံတားဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့နယ် ကျားထူးကျေးရွာအနီး၌ နတ်မောက်မြို့နယ် တရားရုံးဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူပင်တစ်ဧကကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၂၅/၇ အနီးရှိ ဆေးပုလဲကွင်း၌ ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧကကိုလည်းကောင်း၊ ကံသာလေးကျေးရွာအနီး၌ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် ခြောက်ဧကကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

မြို့မိမြို့ဖများနှင့်တွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့သစ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမသို့သွားရောက်ပြီး မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပေါ်ကြွယ်နှင့် နတ်မောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းကိုတို့က မြို့နယ်အလိုက် စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများကလုပ်ငန်းလိုအပ်သည်များကိုလည်းကောင်းတင်ပြကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေး၊ မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်တို့ကို သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရေးမှာကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုလင်းကြီးစံပြကျေးရွာက ပုလင်းဆည်ရေသောက်ဖြင့် စိုက်ပျိုးထားသည့် ရွှေမြန်မာမျိုးသန့်စပါးစိုက်ခင်းဧက၁၀၀ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့နယ် စတုံးချောင်းတံတားကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့သို့ ရောက်ရှိ၍ နယ်မြေခံတပ်ရင်းခန်းမ၌ တောင်တွင်းကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပြီး လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့ရှိ သင်တန်းကျောင်းတွင် မိသားစုအိမ်ထောင်သည်လိုင်းများ၊ စိုက်ပျိုးခင်းများ၊ မိုးစပါး မနောသုခစိုက်ခင်းနှင့် လမ်းဘေးဝဲယာရှိ စိုက်ခင်းများ၊ ခြံစည်းရိုးကြက်ဆူပင်များ၊ ပျိုးဥယျာဉ်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့ အောင်မြင်ဇေယျ ရခိုင်စေတီတော်မြတ်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းငါးဧကကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေးသစ်ရာကောက်-ကိုးပင်-အောင်လံ ဖြတ်လမ်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မကွေးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်း စီမံကိန်း၏ ကျောက်ခင်းလမ်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါလမ်းအရှည်သည် ၂၂ မိုင် ၂ဖာလုံရှိပြီး၊ လမ်းအကျယ် ပေ ၃၀ ရှိသည်။ ကိုးပင်-တောင်တွင်းကြီး-သစ်ရာကောက် မူလလမ်းမကြီးသည် ၅၈ မိုင် ၂ ဖာလုံရှိ၍ အဆိုပါဖြတ်လမ်းမှသွားပါက ၂၆ မိုင် ခရီးတိုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းတာဝန်များ အားသွန်ခွန်စိုက် ဖိဖိစီးစီးဆောင်ရွက် ဆရာဆရာမများ အရည်အသွေးမြင့်မားရေးစွမ်းဆောင်

နေပြည်တော် ဇွန် ၁၅

ပညာရေးဝန်ကြီးဌာန ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက်တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့် တိုင်းပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ဖိဖိစီးစီးဆောင်ရွက်ရေး၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ ကျောင်းသားကျောင်းသူများ စည်းကမ်းလိုက်နာရေးနှင့် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများက မိမိတို့ပြည်နယ်နှင့်တိုင်းအလိုက် အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှုနှင့် ကျောင်းသုံးပရိဘောဂသုံးစွဲမှုအခြေအနေ၊ ဆရာနှင့် ကျောင်းသားအချိုး၊ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပပြီးစီးမှု၊ သိပ္ပံခန်းသုံး သင်ထောက်ကူပစ္စည်းများ အသုံးပြုမှုနှင့် Multimedia ခန်းများ၊ e-Education Learning Centre များဖွင့်လှစ်မှုအခြေအနေ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များဖြန့်ဝေ ပြီးစီးမှုအခြေအနေ၊ နွေရာသီစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များကတက္ကသိုလ်အလိုက် ဖွင့်လှစ်ပို့ချလျက်ရှိသော ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ၊ ဒီပလိုမာသင်တန်းများအခြေအနေ၊ ဆောင်ရွက်လျက်ရှိသော နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများ၊ အဝေးသင်တက္ကသိုလ်များ၏ သင်တန်းသားလက်ခံမှုနှင့် စာစဉ်ဖြေဆိုမှု၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း အခြေအနေများနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြိုတင်ပြင်ဆင်

ထို့နောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့်အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးဘွဲ့ရဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သာသနာပြုဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် သာသနာပြု ဓမ္မဒူတခရီးစဉ်များပြီးဆုံးပြီဖြစ်၍ မိခင်တိုက်တာ စစ်ကိုင်းရွှေဟင်္သာသို့ ပြန်လည်ကြွရောက်တော်မူတော့မည်ဖြစ်ရာ ဆရာတော်အား နှုတ်ဆက်ကန်တော့ပွဲနှင့် စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် သမိုင်း ကျိုက်ဝိုင်းဘုရား တနင်္ဂနွေထောင့်ရှိ ပေါက်တန်း ဒိတ်ကုန်ကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ဆရာတော်အတွက် ဆက်ကပ်ရန်သင်္ကန်းကို ကြိုက်နှစ်သက်ရာ ကြိုတင်စီမံခဲ့ကြရန်ဖြစ်ပြီး ဆရာတော် ဦးဆောင်ဆက်ကပ်လှူဒါန်းမည့် သံဃာ ၁၅၀ အတွက် ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ်နှစ်ထောင်ဖြင့် ဆက်ကပ်နိုင်ကြကာ ဖုန်း-၀၉၅-၃၃၀၈၉၅ နှင့် ၇၀၈၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသားကျောင်းသူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားစဉ်။ (မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားကျောင်းသူများလေ့လာ

ရန်ကုန် ဇွန် ၁၅

ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား ကျောင်းသူများသည် ဆရာဆရာမများဦးဆောင်လျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ ယနေ့နံနက် ၉ နာရီတွင် ရောက်ရှိကြရာ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ကျောင်းသားကျောင်းသူများ၏ မေးမြန်းမှုများကို တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာနှင့် အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ဦးထွန်းရီက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး ကျောင်းသားကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိက္ခာထပ်နှင့်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၅

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် သားကြင်ကျေးရွာ မှန်ကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလဝံသ(ဓမ္မာစရိယ)အား သိက္ခာထပ်နှင့် သံဃာတော် ၇၅ ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁ ရက်(စနေနေ့)တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်) အမှတ်(၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်း မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ဆရာတော် ဦးသီရိန္ဒာစာရအရှင်သူမြတ် ကြီးမှူးပြီး တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့က ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တောင်တန်းသာသနာပြု နှစ်(၄၀)ပြည့်အခမ်းအနားကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ တောင်တန်းဒေသဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့၏ နှစ်(၄၀)ပြည့် အခမ်းအနားနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ထေရဝါဒဆရာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို (၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၁ ရက်) ဇွန် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၄/ခ ရှိ အဏ္ဏဝါဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များအားလုံးနှင့် အလှူရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

❍ ကျောဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ရောက်ရှိရာရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ရန်ကုန်မြို့တော်ရေပေးဝေမှုနှင့် ပတ်သက်၍ ထပ်မံဖြည့်တင်းမည့် စီမံကိန်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက ထပ်မံဖြည့်တင်း ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများမှ အကြီးစားလုပ်ငန်းများဖြစ်သည့် ပိုင်ရိုက်ခြင်းလုပ်ငန်း၊ အသင့်ဖျော်ပြီး ကွန်ကရစ်လောင်းခြင်း လုပ်ငန်းနှင့် မြေသား အကြိုအနယ်ထိုင်ကန်မြေသား ကျင်းတူးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ထပ်မံဖြည့်တင်းမည့် စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက ရေသန့်စင်စက်ရုံမှ ရေထပ်မံဖြန့်ဝေနိုင်မည့် အခြေအနေများကိုဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်ချိန်မီ ပြီးစီးရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

အထူးဂရုပြု

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် စက်ရုံအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြပြီး အနယ်ထိုင်ကန်နှင့် ဆေးစပ်စက်ရုံများသို့ သွားရောက်ပြီး အနည်ထိုင်ကန်အတွင်း အကြိုအနည်ထိုင်ကန်မှ ရေသန့်ရသည်အထိ လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရေသုံးစွဲသူ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီးသန့်ရှင်းသောရေ သုံးစွဲနိုင်ရေးအတွက် အထူးဂရုပြုဆောင်ရွက်ကြရေး မှာကြားပြီး ရေသန့်စင်စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ထပ်မံဖြည့်တင်းသည့် စီမံကိန်းလုပ်ငန်းများမှ အကြီးစားဆောင်ရွက်မှုလုပ်ငန်းဖြစ်သည့် အနည်ထိုင်ကန်အတွက် ၁၄ လက်မပတ်လည် RC ပိုင်တိုင် အလုံး ၄၄၀ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်အထိ အလုံး ၃၃၀ ဆောင်ရွက်ပြီးစီးပြီး အသင့်ဖျော်ပြီး ကွန်ကရစ်ကုဗမီတာ ၇၉၀ လောင်းပြီးကာ အကြို အနည်ထိုင်ကန် မြေသား ၄၅၂၁ကျင်း စက်အားဖြင့် တူးဖော်ပြီးကြောင်း သိရသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ် ဖွင့်လှစ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၅

၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့နှင့် ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းတို့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့၌ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့်မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူပွဲကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်မာမာဝေတို့က မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းအနီး၌ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲ အခမ်းအနားကို ကျင်းပရာ မင်္ဂလာအချိန်ကျရောက်သည်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက် မြန်မာ အမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုက်ထူခဲ့

အလားတူ ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲအခမ်းအနားများကို စမ်းချောင်းမြို့နယ် ပြည်လမ်းနှင့် ဗားကရာလမ်းဆုံ၊ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းထောင့် လှည်းတန်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင် လမ်းဆုံနှင့် နဝဒေးလမ်းဆုံ၊ အင်းစိန်မြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လမ်းဆုံ(ပြည်လမ်း)၊ တာမွေမြို့နယ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့တို့၌လည်း ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်း စိုက်ထူ ဖွင့်လှစ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့ ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲနှင့် ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

နယ်မြေလူထုကို ဦးဆောင်လမ်းပြနိုင်မှုမရှိခြင်း၊ လူထုကလည်းပါတီအပေါ် ယုံကြည်မှုမရှိခြင်းတို့ကြောင့် ပါတီလှုပ်ရှားမှုများ မပြုလုပ်တော့ဘဲ ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့ပါတီ၏နာယကကြီးများဖြစ်သော ဦးခွန်ကြီး၊ဦးပုလွယ်ဆန်အုံး၊ ဦးစိုင်းထွန်းစိန်၊ ဘဏ္ဍာရေးမှူး ဦးစိုင်းဆန်မောင်နှင့် အဖွဲ့ဝင် ဦးကန်တီးတို့ ငါးဦးမှာ သေဆုံးသွားခဲ့ပြီးဖြစ်ကြောင်း။

၎င်းတို့လက်ကျန်ပါတီဝင်များသည်လည်း (SNLD)ပါတီနှင့် အဆက်အသွယ် မလုပ်တော့ကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လမ်းပန်း ဆက်သွယ်မှုများ ကောင်းမွန်ရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့ကို လုပ်ဆောင်ပေးနေမှုများ၊ မြို့ပြနှင့် ကျေးရွာကွာဟမှုမရှိစေရန် ဆောင်ရွက်ပေးနေမှုများကြောင့် ပြည်သူများ အကျိုးကျေးဇူးခံစားနေရသည်ကို တွေ့မြင်ရ၍ အမြင်မှန်ရပြီး မေ ၁၃ ရက်တွင် ပါတီရုံးကိုဖျက်သိမ်းခဲ့ပြီး ပါတီဝင်အဖြစ်မှ နုတ်ထွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို မူလက ၁၆ ဦးဖြင့်ဖွဲ့စည်းခဲ့ရာ ငါးဦးမှာသေဆုံးခဲ့ပြီး တစ်ဦးမှာ အခြားဒေသသို့ပြောင်းရွှေ့သွားခဲ့ကြောင်း၊ ကျန်ပါတီဝင် ၁၀ ဦးအနက် ဦးဆန်းအေးအပါအဝင် ရှစ်ဦးမှာ နုတ်ထွက်စာပေးပို့ခဲ့ပြီး ကျန်နှစ်ဦးမှာ ခရီးလွန်နေ၍ ပြန်လည်ရောက်ရှိပါက ထပ်မံနုတ်ထွက်မည်ဖြစ်ကြောင်း၊ လက်ကျန်ပါတီဝင် တစ်ဦးမျှကျန်ရှိခြင်း မရှိတော့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကွန်ပျူတာအခြေခံသင်တန်း(၁/၂၀၀၆) ဆင်းပွဲ မိတ္ထီလာခရိုင်ပြန်/ဆက်ရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပ

ရန်ကုန် ဇွန် ၁၅

မိတ္ထီလာခရိုင် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့်ကွန်ပျူတာအခြေခံသင်တန်း (၁/၂၀၀၆) ဆင်းပွဲအခမ်းအနားကို မေ ၃၁ရက် နံနက် ၉နာရီခွဲက ခရိုင်ပြန်ဆက်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့် အလုပ်အမှုဆောင်များ၊မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်နှင့် အသင်းအမှုဆောင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က အမှာစကား ပြောကြားသည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက သင်တန်းပို့ချပေးသည့် ကွန်ပျူတာကောလိပ်မှ ဆရာမဒေါ်လဲ့လဲ့ဝင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ သင်တန်းကို မေ ၃ရက်မှစတင်၍ တစ်လကြာသင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ၁၄ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၁၆-၆-၂၀၀၆ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၀ ၇။ ရန်ကုန်တိုင်းပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
- ၁၇:၃၀ ၇။ **"ဟွန်းသံ"** ဇရာနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ (ဒါရိုက်တာ-သက်တင်)
- ၁၇:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၉။ ဖွံ့ဖြိုးသာယာတိုင်းဇရာ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၁၈)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း-၁၅)

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

သမိုင်းစဉ်ထဲမှ မြန်မာအမျိုးသမီးများ၏တန်ဖိုး

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

မြန်မာလူမျိုးများတွင် ရှေးပဝေသဏီကာလမှစ၍ ထူးခြားသည့် ကိုယ်ပိုင်အစဉ်အလာ ရှိခဲ့သည်ဆိုသည့်အချက်ကို ကျွန်မတို့ငယ်စဉ်မှစ၍ အထပ်ထပ်အခါခါ သင်ယူခဲ့ရသည်။ မိမိတို့က သင်ကြားပို့ချရမည့် အလှည့်တွင်လည်း အကြိမ်ကြိမ် ပြန်လည်သင်ကြားပို့ချခဲ့ကြရသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံကြီးနှစ်နိုင်ငံသည် ယဉ်ကျေးမှုအရ အလွန်အဆင့်မြင့်ကြသည်။ အိန္ဒိယနိုင်ငံသည် အတွေးအခေါ် အမျိုးမျိုးနှင့် ကိုးကွယ်ယုံကြည်မှုအမျိုးမျိုးတို့ မွေးဖွားရာဒေသဖြစ်သည်။ တရုတ်နိုင်ငံသည် အနုပညာအမျိုးမျိုး၊ အတတ်ပညာအမျိုးမျိုးတို့ ထွန်းကားသည့် နိုင်ငံဖြစ်သည်။

ထိုနိုင်ငံကြီးနှစ်ခု၏အကြားတွင် တည်ရှိသည့် မြန်မာနိုင်ငံသည် နှစ်နိုင်ငံစလုံးနှင့် နိုင်ငံရေးအရ၊ လူမှုရေးအရ ဆက်ဆံခဲ့ရသလို ယဉ်ကျေးမှုလည်း ကူးလူးဆက်ဆံမှုရှိခဲ့သည်။

ထိုသို့ ကူးလူးဆက်ဆံသည့်အခါ မြန်မာတိုင်းရင်းသားများသည် မည်သည့်အခါမျှ တစ်ပါးသူတို့၏ နေထိုင်နည်း၊ ပြောဆိုနည်းများကို ပုံစံတူ ကူးချလေ့မရှိပေ။ မိမိတို့၏ ရိုးရာအယူကို အခြေခံကာ ပြောင်းလဲပြုပြင်၍ ယူတတ်သည်။

ခရစ်နှစ်ဦးကာလများက မြန်မာနိုင်ငံသားတိုင်းရင်းသားများနှင့် အဆက်အဆံများခဲ့ကြသည့် တရုတ်နိုင်ငံ၏ မှတ်တမ်းတွင် ပျူလူမျိုးတို့၏ ယဉ်ကျေးမှုအဖွဲ့ တရုတ်နိုင်ငံသို့ ရောက်ရှိကာ ဖျော်ဖြေသည့် အကြောင်းကို ပြည့်စုံခမ်းနားစွာ မှတ်တမ်းတင်ခဲ့ကြသည်။ ထိုမှတ်တမ်းတွင် ပျူတို့၏ဝတ်ပုံစားပုံ၊ ဘာသာစကား၊ သီဆိုပုံ၊ ကပြပုံတို့နှင့် ပတ်သက်၍ အသေးစိတ်ပါဝင်သည်။ တူရိယာပစ္စည်း ၂၂မျိုး ပါဝင်သည်ဆိုသည့် အချက်အပြင် သီချင်းဆိုခါနီးတွင် ပျူဘာသာစကားမှ တရုတ်ဘာသာစကားသို့ ဘာသာပြန်ဆိုပြီးမှ သီဆိုဖျော်ဖြေသည့် အကြောင်းလည်းပါဝင်သည်။ ကပြရာတွင်လည်း ထူးခြားသည့်အသွင်ရှိသည့်အကြောင်း ပါဝင်သည်။ တရုတ်လူမျိုးတို့သည် မှတ်တမ်းတင်ရာတွင် အသေးစိတ်တင်တတ်သဖြင့် ပျူအမျိုးသမီးကလေးများသည် ခေါင်းတွင် ဆံထုံးထုံးကာ ငှက်မွေးများဖြင့်လည်းကောင်း၊ ပုလဲပုတီးများဖြင့်လည်းကောင်း တန်ဆာဆင်ထားသည့်အကြောင်း၊ အဝတ်အစားဝတ်ရာတွင် နှင်းဆီသွေး နေအာရုံအရောင်များကို ဝတ်ဆင်တတ်ကြကြောင်းလည်းပါဝင်သည်။

မှတ်တမ်း၏ မည်သည့်နေရာတွင်မျှ ပျူယဉ်ကျေးမှုသည် တရုတ်တို့၏ ယဉ်ကျေးမှုနှင့်တူညီသည် ဆိုသည့်အချက်ကို ရေးသားထားခြင်း မရှိပါ။ တရုတ်လူမျိုးတို့သည် ပျူတို့၏ ထူးခြားသော ယဉ်ကျေးမှု အသွင်သဏ္ဍာန်ကို စိတ်ပါဝင်စားကြသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် သာသနာရေးအရ အဆက်အဆံများပါသည်။ ဗုဒ္ဓသာသနာကိုလည်း အိန္ဒိယမှ ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် သာသနိက အဆောက်အအုံများကို ဆောက်လုပ်ရာတွင် မြန်မာတို့၏ ဗိသုကာပုံစံအတိုင်းသာ တည်ဆောက်ကြသည်။ ယခုတိုင် တည်ရှိနေသေးသော သရေခေတ္တရာပျူခေတ်ဗိသုကာ လက်ရာများမှသည် ခေတ်အဆက်ဆက် ပုံသဏ္ဍာန်ပြောင်း၍ပြောင်း၍ တည်ဆောက်ရာတွင်လည်း မြန်မာ့ဟန်ကိုသာအရယူ၍ တည်ဆောက်ခဲ့ကြသည်။

မြန်မာတို့၏ ဘာသာစကားတွင် ပါဠိဝေါဟာရများ ပါဝင်နေသော်လည်း သီးခြားဘာသာစကားတစ်ခုဖြစ်သည်။ အက္ခရာစသည်တို့မှာလည်း အိန္ဒိယမှ ဆင့်ပွားယူခဲ့သည်ဖြစ်စေ မြန်မာအက္ခရာသည် အိန္ဒိယအက္ခရာနှင့် အပ်ကျမပ်ကျ တူညီခြင်းမရှိပေ။ အချုပ်ဆိုရသော် မြန်မာတိုင်းရင်းသားများ၏ စားပုံသောက်ပုံ၊ ဝတ်ဆင်ပုံ၊ နေထိုင်ပုံတို့သည် အိမ်နီးချင်းများနှင့်မတူဘဲ တစ်မျိုးတစ်ဘာသာ ကွဲ၍နေခဲ့သည်။ ထိုနည်းဖြင့် မြန်မာတို့သည် ကိုယ်ပိုင်အစဉ်အလာ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်နိုင်ငံကို အရအမိတည်ထောင်ကာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းခဲ့ကြသည်။

ယခုအခါ ကမ္ဘာအရပ်ရပ်တွင် ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်အစဉ်အလာဖြင့် ခိုင်ခိုင်မာမာ မရပ်တည်နိုင်သည့်လူမျိုးတို့သည် ဆင်းရဲဒုက္ခတွင်းဆုံး ကျသကဲ့သို့သော အနေအထားဖြင့် ရင်ဆိုင်နေကြရသည်။ ထိုသို့သောဖြစ်ရပ်များကို သတင်းများတွင် ကြည့်ရတိုင်းမိမိတို့ ရပ်တည်ရာ၊ နေထိုင်ရာ၊ လဲလျောင်းရာနေရာတို့၏အောက်တွင် ကိုယ်ပိုင်မြေရှိနေအောင် လက်ဆင့်ကမ်းခဲ့ကြသော ဘိုးဘေးဘီဘင်များ၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့မိပါသည်။

ထိုသို့ ကိုယ်ပိုင်မြေကြီးရှိခြင်းသည် ဂုဏ်သိန်ကြီးမားသော လက္ခဏာတစ်ခုဟုဆိုပါက ထိုဂုဏ်သိန်ကို မည်သူကဆက်လက်ထိန်းသိမ်းခဲ့ပါသနည်းဆိုသည့်အချက်ကို လေးလေးနက်နက်တွေးတောရန်လိုအပ်သည်။ ရုပ်ဝတ္ထုသည် သဘာဝအလိုက် တည်နေသည်။ ထိုသဘာဝအလိုက် တည်နေသောကိုယ်ပိုင်မြေကို ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲကာ မိမိတို့၏ ဘဝအခြေအနေ တိုးတက်အောင် ဆောင်ရွက်ကြခြင်းသည် လူတို့၏ယဉ်ကျေးမှုမြင့်တင်သော အလုပ်ဖြစ်သည်။ ထိုသို့ယဉ်ကျေးမှုကို မြှင့်တင်ရန်လိုအပ်ရုံမက ကိုယ်ပိုင်ဖြစ်လာသော ယဉ်ကျေးမှုကို ထိန်းသိမ်းရန်လည်း လိုအပ်သည်။ ကိုယ်ပိုင်ဟုဆိုအပ်သော ဤနိုင်ငံ၊ ဤလူမျိုး၊ ဤယဉ်ကျေးမှုတို့ကို ထိန်းသိမ်းရာတွင် မိမိတို့နိုင်ငံ၏နယ်နိမိတ် ပျောက်ပျက်မသွားအောင် နယ်နိမိတ်ကို သွေးဖြင့်ခေတ်အဆက်ဆက်သားကာ နိုင်ငံတော်ကို အရိုးတို့ဖြင့် ကာဆီးကာ ထိန်းရုံမျှဖြင့်မလုံလောက်ပါ။ မလုံလောက်ဟုဆိုသဖြင့် မလုပ်ဘဲ ရပ်နေရမည်မဟုတ်ပါ။ ခေတ်အဆက်ဆက် လုပ်ဆောင်နေခဲ့ကြရသည်။ လုပ်ဆောင်နေရဆဲလည်း ဖြစ်သည်။

ထိုသို့ သွေးဖြင့်၊ အသက်ဖြင့် နိုင်ငံ၏နယ်နိမိတ်ကို ကာရံဖြင့် ဤနိုင်ငံ၊ ဤလူမျိုး၊ ဤယဉ်ကျေးမှုတို့ကို ထိန်းသိမ်းရာတွင် မလုံလောက်နိုင်ပါက မည်သည့်အရာဖြင့် ထိန်းရမည်နည်းဟု မေးမြန်းလိုကြပေမည်။ ကျွန်မသည် မိမိနိုင်ငံ၏ ကျေးဇူးဂုဏ်ကိုသာ အာရုံထားကာ ဝံ့ဝံ့စားစားဖြေဆိုမည်ဖြစ်သည်။ အသက်သွေးတို့သာမက ဝံသာနုရက္ခိတတရားတည်းဟူသော အမျိုးကိုချစ်သည့်စိတ်ဓာတ် ရင့်သန်ကြံ့ခိုင်ခြင်းသည် အသက်သွေးနည်းတူ အရေးကြီးလှသော အရည်အသွေးတစ်ခုဖြစ်သည်။

ကျွန်မတို့ ဘိုးဘေးများသည် ထိုအချက်ကို လေးနက်စွာခံယူခဲ့ကြသည်။ ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်တွင် နိုင်ငံကိုတည်သူ၊ ထိန်းသူ၊ဖျက်ဆီးသူဟူ၍ ယေဘုယျအားဖြင့် သုံးမျိုးခွဲနိုင်သော လူများ နေထိုင်ခဲ့ကြသည်။ ပုဂံဧကရာဇ်နိုင်ငံကို တည်ထောင်သော အနော်ရထာမင်း၏နောက် မင်းတစ်ဆက်ခြားတွင် နန်းတက်ခဲ့သော ကျန်စစ်မင်းကြီးသည် အနော်ရထာတည်ထောင်ခဲ့သည့်နိုင်ငံကို ထိန်းသူဟုဆိုနိုင်သည်။ စောလူးမင်းနန်းစံခဲ့စဉ်က ယိုယွင်းခဲ့သော နိုင်ငံရေးအခြေအနေများကို ထိန်းသိမ်း၍ နိုင်ငံကိုတည်ငြိမ်အောင် လုပ်ဆောင်ရသည်။ နိုင်ငံသူနိုင်ငံသားများ၏လိုအင်ကို အဘက်ဘက်တွင် ပြည့်စုံအောင်မင်းကြီးက ဖြည့်ဆည်းရသည်။ ထိုသို့ကျယ်ပြောသော တာဝန်များကိုထမ်းဆောင်နေရင်း ကျန်စစ်မင်းကြီးသည် သမီးတော်ရွှေအိမ်သည်၏ ခေတ်အပြောနှင့် ပြောရသော် (အသည်းနှလုံး)ကို နိုင်ငံအတွက် စတေးခဲ့ရလေသည်။

ရွှေအိမ်သည် သည် ကျန်စစ်သားမင်းကြီး၏ မိဖုရားခေါင်ကြီး အပယ်ရတနာမှ မွေးဖွားလာသော သမီးတော်ဖြစ်သည်။ သူသည် ပဋိက္ခရားလူငယ်တစ်ယောက်နှင့် ရည်ငံခဲ့သည်။ ထိုသူငယ်သည် စည်ပင်ဝပြောသော ပုဂံနိုင်ငံတော်သို့ ဝင်ထွက်သွားလာခဲ့ကြသော တိုင်းတစ်ပါးသား ဧည့်သည်များအနက်မှ တစ်ယောက်ဖြစ်သည်။ ထိုသူငယ်နှင့်သမီးတော်ရွှေအိမ်သည်ကို ကျန်စစ်မင်းကြီးက ထိမ်းမြားလက်ထပ်ခွင့်မပေးခဲ့ပေ။

ရွှေအိမ်သည် မင်းသမီးသည် အနော်ရထာမင်းကြီး၏ မြေးတော် စောယွန်းနှင့်လက်ဆက်ခဲ့ရလေသည်။ စောယွန်းသည် စောလူးမင်း၏သား ဖြစ်သည်။ စောလူးသည် ကျန်စစ်မင်း၏အပေါ်တွင် မည်သည့်အခါကမျှ သက်ညှာခြင်းမရှိခဲ့ချေ။ ထိုသို့ သူ၏အပေါ်တွင် မကောင်းသူဟု ဆိုနိုင်သော စောလူး၏သားနှင့်မှ ရွှေအိမ်သည်ကို လက်ဆက်ထိမ်းမြားပေးရန် ကျန်စစ်မင်းကြီးက ဆုံးဖြတ်ခဲ့သည်မှာ အမျိုးကို စောင့်ရှောက်သော ဝံသာနုရက္ခိတ တရားကို အရာရာထက် တန်ဖိုးထားသောကြောင့်ဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

စောယွန်းကို စောလူး၏သားဟုသာ ပြောနိုင်သည်မဟုတ်ပေ။ မင်းမြတ်အနော်ရထာ၏မြေးလည်းဖြစ်သေးသည်။ တစ်နည်းဆိုသော် စောယွန်းသည် အနော်ရထာဆက်မင်းသားတစ်ပါးဖြစ်သည်။ ကျန်စစ်မင်း၏သမီးတော်နှင့် စောယွန်းတို့လက်ဆက်ပြီးနောက် မွေးဖွားလာသော အလောင်းစည်သူမင်းကြီးဖြစ်လာမည့် မင်းသားငယ်သည် အနော်ရထာမင်းဆက် သွေးလည်းပါ၍ ကျန်စစ်မင်းဆက်သွေးလည်း စစ်သောကြောင့် ဂုဏ်သိန်ကြီးမားသောသူဖြစ်သည်။ အနော်ရထာမင်းကြီးသည် ပုဂံဧကရာဇ်နိုင်ငံကိုတည်ထောင်သူဖြစ်၍ အနော်ရထာဆက်ကိုမှ နန်းတက်စေလိုသူများအတွက်လည်း ကျေနပ်မှုပေးနိုင်သောသူဖြစ်သည်။ ထို့ပြင် နိုင်ငံကို ထိန်းသိမ်းနိုင်သော ကျန်စစ်မင်းဆက်၏ သွေးကိုမှ ထီးနန်းပေးလိုသူများအတွက်လည်း ဂုဏ်ယူနိုင်သောသူဖြစ်သည်။ မြန်မာနိုင်ငံသားအားလုံးအနေဖြင့် **ဝံသာနုရက္ခိတတရားကို လက်ကိုင်ထားသော ခမည်းတော်၏အစီအမံကို နားလည်သိတတ်စွာ လက်ခံခဲ့သော ရွှေအိမ်သည်မင်းသမီး၏ စိတ်ဓာတ်တည်ကြည် ကြံ့ခိုင်မှုအတွက် ဂုဏ်ယူဝင့်ကြွားနိုင်**မည်ဖြစ်သည်။

ဤနေရာတွင် ရွှေအိမ်သည်အမည်ခံသူ နောက်မင်းသမီးတစ်ဦး၏ အကြောင်းကိုလည်း ရှင်းလင်းတင်ပြရန် လိုအပ်သဖြင့်တင်ပြလိုပါသည်။ ပထမရွှေအိမ်သည်သည် ကျန်စစ်မင်းကြီး၏သမီးဖြစ်သည်။ ဒုတိယရွှေအိမ်သည် သည် နရပတိစည်သူမင်းကြီး၏သမီးဖြစ်သည်။ နရပတိစည်သူမင်းကြီး၏သမီးသည် သထုံဘုရင်မကုတ(မနူဟာ)၏မြေး နာဂသမန်းနှင့် လက်ဆက်ခဲ့သည်။ နာဂသမန်းမှာ အသဝတ်မွှာ၏သားတော်ဖြစ်သည်။ နရပတိစည်သူမင်းသည် အသဝတ်မွှာနှင့် အမျိုးမပြား ဆွေသားမိတ်ရင်းဖြစ်ကာ နိုင်ငံတော်ကို တည်ငြိမ်စေလိုသောကြောင့် သမီးဖြစ်သူနှင့် နာဂသမန်းကို လက်ဆက်စေခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဝံသာနုရက္ခိတတရားကို လက်ကိုင်ထားသော ခမည်းတော်၏ အစီအမံကို နားလည်သိတတ်စွာ လက်ခံခဲ့သော ရွှေအိမ်သည် မင်းသမီး၏ စိတ်ဓာတ်တည်ကြည် ကြံ့ခိုင်မှုအတွက် ဂုဏ်ယူ ဝင့်ကြွားနိုင်။

ကျန်စစ်မင်းကာလမ်းညွှန်ပြ

* ဘုရားတန်ဆောင်း၊ ဇရပ်ကျောင်းနှင့်
ဆည်မြောင်းချောင်းကန်၊ စပါးဆန်နှင့်
နိုင်ငံမိုးလုံး၊ ရေမြေဆုံးတိုင်
လက်ရုံးလည်းထက်၊ ဘုန်းလည်းထက်သည့်
ကနက်ဗိမာန်၊ ပုဂံရွှေခေတ်
ရွှေပြည်သစ်၌
ကျန်စစ်မင်းကြီးအုပ်စိုးချိန်--။

* ပုဂံနန်း၏ တင့်ရွှန်းသွယ်လျ
အလှဒေဝီ ရွှေအိမ်သည်နှင့်
ပြည်ပတိုင်းသား၊ လူမျိုးခြားတို့
နှစ်ပါးချစ်ကြ၊ မေတ္တာမျှ၍ နေစဉ်ဝယ်--။

* ပြည်ရွာကိုချစ်၊ အမျိုးချစ်သည့်
ကျန်စစ်မင်းမြတ်၊ ဆင်ခြင်လတ်၍
မျိုးဇာတ်ကွဲပြား၊ လူမျိုးခြားနှင့်
ထိမ်းမြားလိုမှု၊ အခွင့်ပြုလျှင်
နောင်ခါစဉ်ဆက်၊ မျိုးနွယ်ပျက်ကာ
မျိုးဆက်မစစ်၊ မျိုးမချစ်ဘဲ
ဆိုးနစ်ကံမှောက်၊ အမျိုးပျောက်မှာစိုးမိ၍--။

* မျိုးနွယ်မပျက်၊ အမွေဆက်ဖို့
ထိန်းလက်သီဂီ၊ ရွှေအိမ်သည်အား
သွေးမခြားသည့်၊ မင်းသားစောယွန်း
မေတ္တာသွန်းဖက်၊ ဂဟေဆက်သို့
ရွှေလက်ဆက်ခါ ပေးခဲ့၏။

* မြန်မာလူမျိုး၊ ရှေးဘေးဘိုးတို့
မျိုးစောင့်တရား၊ လက်ကိုင်ထားလျက်
တိုင်းခြားလူမျိုး၊ မလွှမ်းမိုးအောင်
မျိုးချစ်စိတ်ထား၊ အတွင်းအားနှင့်
တားဆီးခဲ့ကြ၊ ကာကွယ်ကြ
ကျန်စစ်မင်းက လမ်းညွှန်ပြ
သမိုင်းသက်သေ သာဓက
သားစဉ်မြေးမြစ် မှတ်ယူကြ။ ။

(၂၀၀၆ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-)

အေးခင်ခင်လှိုင်

မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကျင်းပ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထီးနှင့်မိုးကာလှူဒါန်း

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဇွန်၁၁ရက် နံနက်ပိုင်းက မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ကျေးရွာရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ ဆက်သွယ်ရေးအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပြုလွှာလက်ခံ

ဆက်လက်၍ နမ္မတီးကျေးရွာ ခန်းမ၌ ကျင်းပသော အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်၍ အသင်းဝင်အဆိုပြုလွှာ စောင်ရေ ၅၀၀၀ ကိုလက်ခံသည်။

ယင်းနောက် မိုးညှင်းခရိုင်အတွင်းရှိ မူလတန်းအဆင့် ကျောင်းများအတွက် အလှူငွေများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထီးနှင့်မိုးကာများကိုပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ မြတောင်ကျေးရွာ တောင်သူကြီး ဦးမြင့်အောင်၏ လယ် ၁၂ ဧက၌ ဆင်း–၃ စပါး စုပေါင်း ထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တက်ရောက်အားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မြစ်ကြီးနား၊ နမ္မတီး၊တနိုင်းကာလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀ နာရီခွဲတွင် ဒွန်ဘန်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာတွဲဖက် အထက်တန်းကျောင်းခန်းမဆောင်၌ကျင်းပသော အသင်းဝင်အဆိုပြုလွှာစောင်ရေ ၁၀၀၀ ကို လက်ခံပြီး ကျောင်းဝင်းအတွင်း ကျင်းပသော ခြံစည်းရိုးကြက်ဆူ ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ပြီးစီးမှု

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် နမ္မတီးချောင်းတံတား(ကံလှ) ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးချစ်ဆွေက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားသည်။

မြစ်ကြီးနား–တနိုင်း ကားလမ်းမှာယခုအခါ နိုင်ငံတော်၏ အစီအမံဖြင့် လမ်းနှင့် တံတားများအဆင့် မြှင့်တင် ဆောက်ရွက်ပြီးဖြစ်သဖြင့် ရာသီမရွေးသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်းပေး

ဇွန်၁၂ရက်နံနက်ပိုင်းတွင် တိုင်းမှူးနှင့် ဗဟို အတွင်းရေးမှူးတို့သည် မြစ်ကြီးနားမြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်အတွင်းရှိ မူလတန်းကျောင်းများအတွက် စာသင်ခုံများ ပြုလုပ်ရန် အတွက်လည်းကောင်း၊ မြစ်ကြီးနားမြို့ "ပြည်ခိုင်ဖြိုး ဆွမ်းလောင်းအသင်း"သို့ တစ်နှစ်စာဆွမ်း ပဒေသာ ပင်စိုက်ထူရန် အလှူငွေများကိုလည်းကောင်း ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် စေတနာရှင်များက စုပေါင်းပေးအပ် လှူဒါန်းပွဲသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ဒွန်ဘန်ကျေးရွာ တွဲဖက်အထက်တန်းကျောင်းဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေးကြစဉ်။

(ဆက်သွယ်ရေး)

မန္တလေးခရိုင် အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများသို့ စာရေးကိရိယာနှင့် ပရိဘောဂများလှူဒါန်းရန် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဇွန်၉ရက် ညနေ၃နာရီက မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်၊ ပျဉ်းမနားခရိုင်နှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ စည်းရုံးရေးလုပ်ငန်းများကို အရှိန်တိုးမြှင့်ပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်သွားရေး အသေးစိတ် ဆွေးနွေး မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွန့်သိန်းနှင့် ဒေါက်တာ မိုးသူဝင်းတို့က လက်ရှိလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုနှင့်ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗဟိုအတွင်းရေးမှူးဦးအောင်သောင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးခရိုင်အတွင်းရှိမူလတန်း၊ အလယ်တန်း ကျောင်းများသို့ စာရေးကိရိယာနှင့် ပရိဘောဂများလှူဒါန်းရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇွန်၁၀ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက မန္တလေးခရိုင်ရှိ မြို့နယ်ခုနစ်မြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းစုစုပေါင်း၁၀၆ကျောင်း၌ လိုအပ်သော ကျောင်းသုံး ပရိဘောဂလိုအပ်ချက်ကို ဖြည့်ဆည်းရန် ယခုကဲ့သို့ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျောင်းသုံးပရိဘောဂလိုအပ်ချက်များ ဖြည့်ဆည်း နိုင်ရန် အလှူရှင်များကလှူဒါန်းကြရန်တိုက်တွန်းပါကြောင်း ဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ထံသို့ အလှူရှင်များ ဖြစ်ကြသော မန္တလေးတိုင်း၊ မန္တလေး ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများက ငွေကျပ် ၁၁သိန်းရှစ်သောင်းကို လည်းကောင်း၊ ဂရိတ်ဝေါဟိုတယ်မှ ဦးတင်မောင်က အလှူငွေကျပ်၁၀သိန်း၊ Hi Tech မှ ဦးအောင်ဝင်းခိုင်က ငွေကျပ်၁၀သိန်း၊ Aသုံးလုံး ဘိလပ်မြေ စက်ရုံမှ ဦးရွှင်ကျောက်ကငွေကျပ်၁၀သိန်း၊ ချမ်းဟိန်းကုမ္ပဏီမှ ဦးကျော်ဟိန်းက ငွေကျပ်၁၀သိန်း၊ ပြိုင်မြင်းကုမ္ပဏီမှ ဦးမျိုးနိုင်က ငွေကျပ်၁၀သိန်း၊ လွယ်ဟိန်းကုမ္ပဏီမှ ဒေါက်တာ စိုင်းက ငွေကျပ်၁၀သိန်း၊ မားသားထရိတ်ဒင်းကုမ္ပဏီမှဦးမြအောင်က ငွေကျပ်၁၀သိန်း၊ BTB ကုမ္ပဏီမှ ဦးသိုင်းဝင်းက ငွေကျပ် ၁၀သိန်း၊ AHK Co.,မှဦးဝင်းအောင်က ငွေကျပ်၁၀သိန်း၊ရတနာမိုး ကုမ္ပဏီမှ ဦးလှမိုးက ငွေကျပ်၁၀သိန်း၊ ဆုမြတ်ကုမ္ပဏီ ဦးထွန်းအောင်လွင်– ဒေါ်တင်ဝင်းချို မိသားစုက ငွေကျပ်၁၀သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းထံသို့ ကျော်သာကုမ္ပဏီမှ ဦးဝင်းလွင်က ငွေကျပ်၁၀သိန်း၊အရုဏ်ဦးကုမ္ပဏီမှ ဦးဇော်ဝင်းက ငွေကျပ်၁၀သိန်း၊ Myanmar Bestinမှ ဦးထက်ညီက ငွေကျပ်၁၀သိန်း၊ ကျော်ဇေယျာကုမ္ပဏီမှ ဦးထင်အောင်ကျော်က ငွေကျပ်၁၀သိန်း၊ ထူးမောက်ကုမ္ပဏီမှ ဦးမောင်မောင်ဌေးက ငွေကျပ်၁၀သိန်း၊ အဆင့်မြင့်ဈေးချိုသူ၊ ဈေးချိုသားများက ငွေကျပ်သုံးသိန်း၊ALPHINE Co., မှ ဦးမြဝင်းက ငွေကျပ်နှစ်သိန်း၊ ငွေကြယ်သမဝါယမအသင်း(ဈေးချို)မှ ငွေကျပ်နှစ်သိန်း၊ ၂၇–၂၈ ဈေးချိုပလာဇာနှင့် ဒေါ်သီသနပ်ခါးတို့က ငွေကျပ်တစ်သိန်းစီ၊ ၂၆–၂၇ကြား ဈေးချိုသူ၊ ဈေးချိုသားအဖွဲ့က ငွေကျပ်ငါးသောင်း၊ ၂၇–၂၈ ကြား ဈေးချိုသူ၊ ဈေးချိုသားတို့က ငွေကျပ်သုံးသိန်းတို့ကိုအသီးသီးပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်ထံသို့ ကျော်ပဒေသာမှ ဦးကျော်ဝင်းနှင့် နဝရတ်မှ ဦးဇော်မင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ကျောက်ဆည်စက်ရုံအုပ်စု(စက်မှု–၁)မှ ငွေကျပ်၁၀သိန်း၊ မန္တလေးစက်ရုံအုပ်စု(စက်မှု–၁)မှ ငွေကျပ်၁၀သိန်းနှင့် စစ်ကိုင်းစက်ရုံ အုပ်စု (စက်မှု–၁)မှ ငွေကျပ်၁၀သိန်း တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယနေ့ ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် မန္တလေးခရိုင်အတွင်းရှိ မူလတန်း၊ အလယ်တန်းကျောင်းစုစုပေါင်း ၁၀၆ကျောင်းအတွက် အလှူငွေစုစုပေါင်း ကျပ်၂၂၉သိန်းသုံးသောင်း ရရှိကြောင်း သိရှိရသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ချမ်းအေးသာစံ မြို့နယ် ဟေမာဇလရပ်ကွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ Cannon အမျိုးအစားမိတ္တူကူးစက်တစ်လုံးနှင့် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းတစ်စုံကို ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက လက်ခံယူပြီး ယင်း၁၁သိန်းတန်ဖိုးရှိ Cannon အမျိုးအစား၊ မိတ္တူကူးစက်နှင့်ကွန်ပျူတာတစ်စုံတို့ကိုအလက (၇) ကျောင်းအုပ်သို့လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ပညာရေးမှူးများထံ ပရိဘောဂများ ပေးအပ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ထိုခေတ်က မွန်နှင့်ဗမာတို့သည် ယခုခေတ် မြန်မာနိုင်ငံသားတို့၏ ဘိုးဘေးဘီဘင်များဖြစ်သည်ဟု ဆိုနိုင်သည်။ မြန်မာဆိုသည်မှာ တိုင်းရင်းသားများအချင်းချင်း ဆွေရင်းမျိုးချာများအဖြစ် သွေးနှောရာမှ ပေါ်ပေါက်ထွန်းကား လာခြင်းဖြစ်သည်။

မြန်မာစကားတွင် ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်မည်ဟူသော စကားရှိသည်။ တိုင်းရင်းသားများ အချင်းချင်း သွေးနှောကြခြင်းသည် ထိုစကားနှင့် သဘောချင်းတူညီသည်။

မြန်မာနိုင်ငံသမိုင်းစဉ်ထဲမှ အမျိုးသမီးများ၏ အကြောင်းကို ပြည့်စုံစွာ ဖော်ပြရေးသားမည်ဆိုပါက ဆောင်းပါးတစ်စောင်တည်းဖြင့် ပြည့်စုံမည်မဟုတ်ပါချေ။ တစ်ခါက ကျွန်မသည် အစ်မကြီးတစ်ဦးကို စောဒက တက်ဖူးသည်။ ယဉ်ကျေးမှုထိန်းရင်လည်း ကျွန်မတို့ မိန်းမသားတွေပဲ။ ဝံသာနုရက္ခိတတရားကို စောင့်ထိန်းရင်လည်း ကျွန်မတို့တစ်တွေပဲ။ သူတို့ယောကျ်ားသားများမှာတော့ တာဝန်မရှိဖူးလားဟု မေးမိခြင်းဖြစ်သည်။

အစ်မကြီးက ပြုံး၍နေပါသည်။ ထို့နောက် "မေးတဲ့မေးခွန်းက ကြိုဆိုရမယ့်မေးခွန်းဖြစ်တယ်။ ညီမလေးက မမရယ် ကျွန်မတို့အမျိုးသမီးများရဲ့ဂုဏ်ကို ဖွင့်ဆိုပေးပါလို့ပြောလိုက်သလို ခံစားရပါတယ်။ ဖြေရမှာကတော့ ယောကျ်ားသားများမှာ သဘာဝကိုက အိုင်တွေ့ရင် ခြေဆေးလို့ရတယ်။ ကွယ်ရင်မေ့သွားနိုင်တယ်။ မိန်းမသားများကတော့ အဲသည်လိုမဟုတ်ဖူးလေ။ သားသမီးကို ကိုယ်ဝန်ဆောင်ရတယ်။ မွေးဖွားရတယ်။ အဲဒါကြောင့် အမျိုးပြန့်ပွားခြင်းနဲ့ပတ်သက်ရင် မိန်းမသားများက ရှောင်လွှဲလို့မရတဲ့ တာဝန်ခံများ ဖြစ်နေပါတယ်။

တကယ်လို့အမျိုးသမီးများက မိမိတို့စိတ်ကို အလိုမလိုက်ဘဲ ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင် အမျိုးကိုစောင့်ရှောက်ပြီးသား ဖြစ်သွားပါပြီ။ အမျိုးကိုစောင့်ရှောက်ခြင်းဟာ နိုင်ငံကိုစောင့်ရှောက်ခြင်းလည်း ဖြစ်ပါတယ်"ဟု ကျွန်မ၏အစ်မကြီးက ချိုသာသော အသံဖြင့်ဆိုသည်။

စာရေးသူကျွန်မသည် ဤနိုင်ငံ ဤမြေကြီးကို လက်ဆင့်ကမ်းကာ ပေးခဲ့သော၊ ဤသိက္ခာကို ပိုင်ဆိုင်ခွင့်ပေးခဲ့သော ဘိုးဘေးဘီဘင်များ၏ ကျေးဇူးကို ထောက်ထားတတ်သူဖြစ်လာအောင် ကောင်းစွာမွေးမြူခြင်းကို ခံခဲ့ရသူဖြစ်သည်။ အမျိုးချစ်တတ်အောင် မျိုးရိုးအစဉ်အလာကို စောင့်ထိန်းတတ်အောင် ကျွန်မငယ်စဉ်ကတည်းက သင်ကြားပေးလိုက်သောသူများထဲတွင် ဆရာတော်၊ သမားတော်များလည်းပါသည်။ မိဘဆရာသမားများလည်းပါသည်။ ထိုကဲ့သို့သော သွန်သင်မှုကို ဦးထိပ်ရွက်ကာ ဝံသာနုရက္ခိတတရားဟုခေါ်သော အမျိုးကို စောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏သိက္ခာ၊ အမျိုးသမီးတို့၏ အင်အားဖြစ်ကြောင်း၊ ထိုသို့သောသိက္ခာ၊ ထိုသို့သော အင်အားဖြင့်သာ အမျိုးသမီးတို့၏ တန်ဖိုးကို အကဲဖြတ်နိုင်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

ကမ္ဘာ့ဖလား သတင်းဂယက်

စပိန်အသင်း အကောင်းဆုံးခြေစွမ်းပြ ဂိုးသွင်းစံချိန်တင် ဂျာမနီက ပိုလန်ကိုနိုင်၍ အုပ်စုမှတက်ရန် သေချာပြီ

တင်ပြသူ
မြင့်မောင်စိုး

မြူးနစ် ဇွန် ၁၅

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ဇွန် ၁၄ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အုပ်စု(ဇ)မှ စပိန်အသင်းက ယူကရိန်းအသင်းကို လေးဂိုး-ဂိုးမရှိ၊ အုပ်စု(က)မှ ဂျာမနီအသင်းက ပိုလန်အသင်းကို တစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရသော်လည်း အုပ်စု(ဇ)မှ တူနီးရှားအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ယှဉ်ပြိုင်ကစား

ည ၇နာရီခွဲပွဲအဖြစ် စပိန်အသင်းနှင့် ယူကရိန်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြ၍ ပရိသတ်များ အကြိုက်တွေ့ခဲ့သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့သည်။ ပွဲစလျှင်စချင်း နှစ်သင်းစလုံး ထိုးထိုးဖောက်ဖောက်၊ လျင်လျင်မြန်မြန်၊ အကွက်ကျကျ ဘောလုံးရသမြောက်စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဂျာမနီအတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို နျူဗီးလ်က သွင်းယူပြီး ဤသို့ အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

လှလှပပသွင်းယူ

စပိန်အသင်းက ပထမပိုင်း ၁၇ မိနစ်အတွင်းမှာပင် အလွန်ဆိုနှင့် ဗီလာတို့က သွင်းယူပေးထား‌ခဲ့၍ စပိန်တို့ ဒုတိယပိုင်းတွင်နှစ်ဂိုးအသာဖြင့် ပြန်ကစားရန် မျက်နှာပန်းလှနေသည်။ ပထမပိုင်း ၁၃မိနစ်တွင် ဇာဗီ၏ ထောင့်ကန်ဘောမှတစ်ဆင့် အလွန်ဆိုက ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၁၇ မိနစ်တွင် ဒေးဗစ်ဗီလာက အလွတ် ကန်ဘောမှတစ်ဆင့် လှလှပပသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရှက်ဗ်ချင်ကို ဦးဆောင်သော ယူကရိန်းအသင်းသည် ချေပဂိုးသွင်းနိုင်ရန် အကြိတ်အနယ် ကြိုးစားသော်လည်း ယူကရိန်းနောက်တန်း ယူဗက်ချော့ခ် ပွဲချိန် ၄၇ မိနစ်တွင် စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ် ယူကရိန်းဂိုးဧရိယာသို့ ဘောလုံးဆွဲပြေးစဉ် နောက်မှ ဘောင်ဘီကို ဆွဲထားသဖြင့် ဒိုင်လူကြီးက အနီကတ်ပြ၍ ထုတ်ပယ်လိုက်သည်။

ယင်းကဲ့သို့ ပြုမူသည့်အတွက် ဒိုင်လူကြီးက ပယ်နယ်တီကန်ခွင့်ပေးလိုက်ရာ ဗီလာက သွင်းယူခဲ့၍ စပိန်တို့ တတိယဂိုး ရရှိသွားသည်။

စပိန်အသင်းအတွက် စတုတ္ထမြောက်ဂိုးကို တောရက်စ်က ဤသို့ သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

စတုတ္ထမြောက်ဂိုး

စပိန်အသင်းသည် ယူကရိန်းအသင်း၏ အားနည်းချက်ကို အခွင့်ကောင်းယူ၍ ဘောလုံးအပေးအယူလုပ်ကစားပြီး တစ်ဖက်အသင်း၏ ကစားကွက်ကိုဖျက်ပစ်ကာ ကစားသမားများ မောပန်းလာအောင် ပြုလုပ်လိုက်သည်။ ယင်းကဲ့သို့ ကစားကွက်ပျက် မောပန်းအောင်လုပ်ပြီး စပိန်အသင်းက အလျင်အမြန်ဆုံး နှုန်းဖြင့် တရစပ်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၈၁ မိနစ်တွင် တောရက်စ်က စပိန်အသင်းအတွက် စတုတ္ထမြောက် ဂိုးသွင်းယူခဲ့သည်။

အရှုံးပေးလိုက်ရ

ယူကရိန်းတို့ ချေပဂိုး ရရှိရေးအတွက် တိုက်စစ်ထက်ခံစစ်ကို အားပေးနေရ၍ ရှေ့တန်းဂိုးသွင်းနိုင်ချေများ အားပျော့သွားခဲ့ရသည်။ ကမ္ဘာ့ဘောလုံးပြိုင်ပွဲတွင် မည်မျှပင် တောင့်တင်းကောင်းမွန်သည့် အသင်းဖြစ်စေကာမူ စောစီးစွာ လူတစ်ယောက်အထုတ်ခံရပါက ကစားကွက်ပျက်ကာ အရှုံးနှင့် ရင်ဆိုင်ရလေသည်။ ယမန်နေ့ကလည်း တောင်ကိုရီးယားအသင်းနှင့် တိုဂိုအသင်းတို့ ယှဉ်ပြိုင်ရာတွင် အလားတူ တစ်ယောက်အထုတ်ခံရ၍ ခြေစွမ်းပိုကောင်းသော တိုဂိုအသင်း တောင်ကိုရီးယားအသင်းကို အရှုံးပေးလိုက်ရသည်။

စပိန်-ယူကရိန်းပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို စပိန်အသင်းမှ ဇာဗီက ဆွတ်ခူးနိုင်ခဲ့သည်။

ဖွင့်ဆော်ဦးဂိုး

ည ၁၀ နာရီခွဲပွဲအဖြစ် အုပ်စု(ဇ)မှ တူနီးရှားအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက် နှစ်ဂိုးစီသွင်းပြီး တစ်မှတ်စီခွဲဝေယူသွားသည်။ ၎င်းနှစ်သင်းသည် ခြေစွမ်းတူ ကစားနိုင်ခဲ့ကြသည်။ ဘော်လ်တန် နောက်တန်းလူ ဂျိုင်းဒီက တူနီးရှားအသင်းအတွက် တစ်ဂိုးကာကွယ်ပေးနိုင်ခဲ့သည်။ ပွဲချိန် ၂၃ မိနစ်တွင် ဂျာဇီရီက တူနီးရှားအသင်းအတွက် ဖွင့်ဆော်ဦးဂိုး သွင်းပေးခဲ့သည်။

သို့သော်လည်း အစိမ်းရောင်ဆော်ဒီအသင်း တိုက်စစ်အားကောင်းလာသဖြင့် ဒုတိယပိုင်းပွဲချိန် ၅၇ မိနစ်တွင် ဆော်ဒီအသင်းမှ အယ်လ်ခါတာနီက တစ်ဂိုး၊ ပွဲချိန် ၈၄ မိနစ်တွင် အယ်ဂျာဘာက တစ်ဂိုးသွင်းယူခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို တူနီးရှားအသင်းမှ ဂျာဇီရီက ဆွတ်ခူးရရှိခဲ့သည်။

အရောက်ပို့ပေး

နံနက် ၁ နာရီခွဲပွဲတွင် အုပ်စု(က)မှ ဂျာမနီအသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျာမနီအသင်းမှ အိုလီဗာနျူဗီးလ်က အချိန်ပို ပထမဆုံးမိနစ်တွင် တစ်ဂိုးသွင်းယူပြီး ဂျာမနီအသင်းအား နောက်ဆုံး ၁၆ သင်းသို့ အရောက်ပို့ပေးလိုက်သည်။

အစားဝင်သူ

၎င်းတိုက်စစ်မှူးသည် ပွဲချိန် ၇၆ မိနစ်တွင် ဘိုရောစကီးအစားဝင်လာသူဖြစ်သည်။ နျူဗီးလ်သည် ၎င်း၏နောက်မှ လူစားဝင်လာသူ အိုဒွန်ကာ ဖြတ်ထိုးပေးလိုက်သော ဘောလုံးမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်နှင့် ကလိုဆေးတို့ ဂိုးဘားထိ ကန်ချက်များအပြီး စက္ကန့်ပိုင်းအကြာတွင် သွင်းယူခဲ့ခြင်း ဖြစ်သည်။

စတုတ္ထမြောက်အနီကတ်

ယင်းပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး ဘောလုံးသမားဆုကို ဂျာမနီအသင်းမှ ဖီးလစ်လမ်းက ဆွတ်ခူးနိုင်သော်လည်း ပိုလန်အသင်းမှ ဆိုဘိုစကီးသည် ပွဲချိန် ၇၅ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် စတုတ္ထမြောက်အနီကတ်အပြခံသည့် ကစားသမားဖြစ်သွားသည်။ ။ **(အင်တာနက်)**

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးသတင်းများ

ဘာလင် ဇွန် ၁၅

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံတွင် ကျင်းပနေပြီဖြစ်ရာ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များအနက် ဇွန် ၁၆ ရက် (ယနေ့)**တွင် ကစားကြမည့် အသင်းများနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို ဖော်ပြလိုက်ပါသည်။**

ဒဏ်ရာရခဲ့သော ဗန်ဒါဆာ အိုင်ဗရီကို့စ်နှင့်ပွဲ၌ ပါဝင်ကစားမည်

ဟော်လန်အသင်း ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်အဖြစ် ဆားဗီးယားနှင့်ကစားခဲ့သည့်ပွဲတွင် ခြေထောက်ဒဏ်ရာရရှိခဲ့သော ဟော်လန်ဂိုးသမား ဗန်ဒါဆာသည် ဇွန် ၁၆ ရက် **(ယနေ့)** ကစားရမည့် အိုင်ဗရီကို့စ်နှင့်ပွဲ၌ ဒဏ်ရာသက်သာပြီဖြစ်၍ ပါဝင်ကစားမည်ဖြစ်သည်။

ယနေ့ပွဲ၌ ကြံ့ခိုင်မှုအပြည့်နှင့် ပါဝင်ကစားနိုင်ရန်အတွက် ဇွန် ၁၃ ရက်ကပြုလုပ်သော ဟော်လန်အသင်း လေ့ကျင့်မှုများတွင် မပါဝင်ဘဲ အနားယူနေစေကြောင်း ဟော်လန်နည်းပြ မာကိုဗင်ဘာစတင်က ပြောကြားလိုက်သည်။

ထို့အတူ ဆားဗီးယားနှင့်ပွဲ၌ ဒူးဒဏ်ရာရရှိခဲ့သော ဟော်လန်ကစားသမား ဘွန်မဲလ်လည်း ဒဏ်ရာ သက်သာသဖြင့် ယနေ့ပွဲတွင် ပါဝင်ကစားမည်ဖြစ်သည်။

စိတ်ဓာတ်ကျနေသော တိုက်စစ်မှူး ဒရော့ဘာ။

ဟော်လန်နှင့်ကစားရန် ဒရော့ဘာစိတ်ဓာတ်ကျနေ

အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာသည် ကမ္ဘာ့ဖလား ပထမပွဲစဉ်၌ အာဂျင်တီးနားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်း သူ၏ကစားဖော်များကစားမှုနှင့် ပတ်သက်၍ အားမလို အားမရဖြစ်ကာ စိတ်ဓာတ်ကျဆင်းနေကြောင်း သိရသည်။

အာဂျင်တီးနားနှင့်ပွဲ၌ ဂိုးသွင်းရန် အခွင့်အရေးအများအပြား ရရှိခဲ့သော်လည်း မိမိတို့အကျိုးရှိအောင်အသုံးမချနိုင်ခဲ့ကြောင်း ဒရော့ဘာက ပြောကြားလိုက်သည်။ ယနေ့ကစားရမည့် ဟော်လန်နှင့်ပွဲအတွက် ပြင်ဆင်မှုပြုလုပ်နေသော်လည်း ဒရော့ဘာတက်ကြွမှုမရှိဘဲ လေ့ကျင့်မှုများ၌လည်း သာမန်အားထုတ်မှုများသာ လုပ်ခဲ့ကြောင်း သိရသည်။

ဒရော့ဘာသည်ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးတစ်ဦးဖြစ်သော်လည်း ဘောလုံးကစားရာတွင် အခြားကစားဖော်များကလည်း အားလုံးစုစုစည်းစည်းကစားနိုင်မှသာ အောင်မြင်မှုရရှိနိုင်ကြောင်း အိုင်ဗရီကို့စ် နောက်ခံလူ အီမြူရယ်အီတူးက ပြောကြားလိုက်သည်။

အာဂျင်တီးနား လူငယ်ကစားသမား မက်ဆီလည်း ဒဏ်ရာရပြန်။

အာဂျင်တီးနားမှ မက်ဆီ ဒဏ်ရာအသစ်ရရှိပြန်

အာဂျင်တီးနား လူငယ်ကစားသမား မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ လေ့ကျင့်ရေးပြုလုပ်စဉ် ခြေထောက်ဒဏ်ရာ ထပ်မံရရှိခဲ့သည်။ ယခင်က သူ၏ ဝဲဘက်ခြေထောက် ဒဏ်ရာရရှိခဲ့ပြီးနောက် ယခု ဒဏ်ရာ အသစ် ထပ်မံရရှိခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားနှင့် ပွဲစဉ်အချိန်ပိုင်း ဝင်ရောက်ကစားခဲ့သော်လည်း ယနေ့ပွဲ၌ ပါဝင်ကစားရန် အခြေအနေမရှိကြောင်း အာဂျင်တီးနား နည်းပြ ဂျို့ပီကာမင်က ပြောကြားလိုက်သည်။

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ဆားဗီးယားနောက်ခံလူ ဗီဒစ် ကမ္ဘာ့ဖလားပွဲနှင့်လွဲပြီ

မန်ယူနောက်ခံလူနှင့် ဆားဗီးယားအသင်း နောက်တန်း ခံစစ်မှူးတစ်ဦးဖြစ်သူ ဗီဒစ်သည် ဒူးဒဏ်ရာကြောင့် ယနေ့ကစားမည့် အာဂျင်တီးနားနှင့်ပွဲတွင် လွဲရမည့်အပြင် ကမ္ဘာ့ဖလားပွဲစဉ်များနှင့်ပါ လွဲချော်ရဖွယ်ရှိနေသည်။

ကမ္ဘာ့ဖလားပွဲနှင့်လွဲမည့် ဆားဗီးယားမှ ဗီဒစ်။

ဆားဗီးယားအသင်းနှင့် ဇွန် ၁၂ ရက်က လေ့ကျင့်မှုပြုလုပ်စဉ် ဒူးအရွတ်စုတ်ပြတ်သွားမှုကြောင့် ဗီဒစ်အနေဖြင့် ရက်သတ္တပတ် အတန်ကြာအနားယူကာ ဆေးကုသမှုခံယူရမည်ဖြစ်သည်။

ဗီဒစ်သည် ဆားဗီးယားအသင်း၏ အဓိကခံစစ်မှူးတစ်ဦးဖြစ်ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲတစ်လျှောက် ၁၀ ပွဲကစားခဲ့ရာတွင် ဆားဗီးယားတို့ တစ်ဂိုးသာ အသွင်းခံရအောင် ကြိုးစားပေးခဲ့သူလည်းဖြစ်သည်။ ဗီဒစ်၏ ဒူးဒဏ်ရာသည် ရက်အတန်ကြာ ကုသရမည်ဖြစ်ရာ ဗီဒစ်၏ကမ္ဘာ့ဖလားပြိုင်ပွဲအိပ်မက် အဆုံးသတ်သွားဖွယ် ရှိနေသည်။

မက္ကဆီကို တိုက်စစ်မှူးဘော်ဂတ်တီ ယနေ့ပွဲနှင့်လွဲပြီ

ဇွန် ၁၆ရက်**(ယနေ့)**ကစားမည့် မက္ကဆီကိုနှင့် အင်ဂိုလာတို့ပွဲတွင် မက္ကဆီတိုက်စစ်မှူး ဘော်ဂတ်တီ ကြွက်သားဒဏ်ရာကြောင့် ပါဝင်မကစားနိုင်ဟု အသင်းဒေါက်တာ ဂျို့လူးဝစ်ဆာနာနိုက ပြောကြားလိုက်သည်။

ဒဏ်ရာရနေသော မက္ကဆီကိုတိုက်စစ်မှူး ဘော်ဂတ်တီ။

ကမ္ဘာ့ဖလား ပထမပွဲစဉ်အဖြစ် အီရန်အသင်းနှင့် ကစားခဲ့ရာ၌ ကြွက်သားဒဏ်ရာရရှိခဲ့မှုကြောင့် ယခုပွဲတွင် ပါဝင်မကစားနိုင်ခြင်း ဖြစ်သည်ဟု ဒေါက်တာဂျို့လူးဝစ်ဆာနာနိုက ပြောကြားသည်။ ၎င်း၏ ဝဲဘက်ခြေထောက် ကြွက်သား အနည်းငယ်နာကျင်မှု ရှိနေကြောင်း၊ ကုသရန် လိုအပ်နေဆဲဖြစ်ကြောင်း ဆရာဝန်ဆာနာနိုက ပြောကြားသည်။

ဘော်ဂတ်တီသည် မက္ကဆီကိုအသင်းအတွက် ၇၆ပွဲကစားပေးခဲ့ပြီး ၃၈ဂိုးသွင်းပေးထားနိုင်သူဖြစ်သည်။

အင်ဂိုလာအသင်း စိတ်ဓာတ်ကျဆင်းမှုမရှိရန်လို

ဇွန် ၁၁ရက်က ကမ္ဘာ့ဖလား ဘောလုံးပွဲ၌ ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ပြီးနောက် အင်ဂိုလာအသင်းသားများ စိတ်ဓာတ်ကျဆင်းလျက်ရှိသည်။

ဇွန် ၁၆ရက်**(ယနေ့)**တွင် အာဂျင်တီးနားနှင့် ကစားရမည့်ပွဲ၌ အင်တိုက်အားတိုက်ကစားရန် စိတ်ဓာတ်ပိုင်းဆိုင်ရာ အမြင့်ဆုံးထားရန် အင်ဂိုလာအသင်း နည်းပြ ဂွန်ဂါလပ်စ်က ပြောကြားလိုက်သည်။ ။

* **ဘရာဇီးအသင်း ဗိုလ်စွဲရန် မသေချာကြောင်း ပီလီပြောကြား။**
* **ပြင်သစ်နှင့် ဆွစ်ဇာလန်ပွဲ၌ အကောင်းဆုံး ဘောလုံးသမားဆု မက်ခီလီလီ ရွေးချယ်ခံရ။**
* **ယူကရိန်းအသင်းအုပ်စုမှ တက်လျှင် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းပေးမည်ဟု ယူကရိန်း ဘောလုံးအဖွဲ့ချုပ်က ပြောကြား။**

(ကိုးကား-အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာစေရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏
အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်
ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၀၄၄၈၊ ၂၉၉၀၃၁
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

အီကွေဒေါက ကော့စတာရီကာကို သုံးဂိုးပြတ်နိုင် အိမ်ရှင်ဂျာမနီနှင့် အုပ်စုပထမနေရာ လုရမည်

ရန်ကုန် ဇွန် ၁၅

၂၀၀၆ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က)ဒုတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည၇နာရီခွဲက ဟမ်းဘတ်မြို့ရှိ Aol Arena အားကစားကွင်း၌အီကွေဒေါအသင်းနှင့် ကော့စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားရာ အီကွေဒေါအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အီကွေဒေါအသင်းသည်ခြေစွမ်းပြကစားပြီး ကော့စတာရီကာအသင်းကို ဂိုးပြတ်ခြေပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အီကွေဒေါအသင်းအတွက် ပထမဂိုးကို ပွဲစပြီးရှစ်မိနစ်အကြာတွင် ဗလင်စီယာ အမြောက်ကန်ပို့ပေးသည့်ဘောလုံးကို တီနိုရီယိုက ခေါင်းတိုက်သွင်းယူပေးခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် အီကွေဒေါအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားခဲ့သည်။

နှစ်ဂိုးထပ်မံသွင်းယူ

ဒုတိယပိုင်းတွင်အီကွေဒေါအသင်းက ခြေအသာစီးမှုကစားပြီး နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ အီကွေဒေါအသင်းအတွက် ဒုတိယဂိုးကို ၅၄မိနစ်တွင် ဒယ်လ်ဂါဒိုက တစ်ကိုယ်တော်အစွမ်းဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ အီကွေဒေါအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီးနောက် အရန်လူများကို လူစားလဲကာ ဘောလုံးပိုင်ဆိုင်မှုကို အဓိကထားကစားသွားသည်။ အီကွေဒေါအသင်းအတွက် တတိယဂိုးကို လေလွင့်ချိန်များအတွက် အစားဖြည့်ပေးသည့် ၉၂မိနစ်တွင် ကာဗီးဒက်စ်က မြေမကျဘော ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စုပထမ

အီကွေဒေါအသင်းသည်ပထမပွဲ၌ ပိုလန်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ယခုပွဲအနိုင် ရရှိသဖြင့် ဒုတိယအဆင့်ရှုံးထွက် ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။ အုပ်စု (က) တွင် နှစ်ပွဲစီ ကစားပြီးသွားပြီဖြစ်ရာ အိမ်ရှင်ဂျာမနီအသင်းက နှစ်ပွဲနိုင်(၆)မှတ် အီကွေဒေါအသင်းက နှစ်ပွဲနိုင်(၆)မှတ်ဖြင့် အုပ်စုကိုကျော်ဖြတ်သွားပြီဖြစ်သည်။

ဇွန် ၂၀ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ဂျာမနီအသင်းနှင့် အီကွေဒေါအသင်းတို့ပွဲ၌ သရေကျလျှင် အီကွေဒေါအသင်းအုပ်စု ပထမရရှိမည်ဖြစ်သည်။ ပိုလန်အသင်းနှင့် ကော့စတာရီကာအသင်းတို့အုပ်စုအဆင့်မှ ထွက်သွားရပြီဖြစ်ရာ သိက္ခာဆယ်ပွဲအဖြစ်သာ ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အီကွေဒေါအသင်းနှင့် ကော့စတာရီကာအသင်းတို့၏ ပွဲစဉ်တွင် အီကွေဒေါအသင်းအတွက် ပထမဂိုးကို တိုက်စစ်မှူး တီနိုရီယိုက ဤသို့ခေါင်းတိုက်သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဆရာဝန်အသင်းဆေးပညာ စာပေးစာယူသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)မှ ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems 2006 စာပေးစာယူသင်တန်းကို ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ရုံးချိန်အတွင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း–၃၇၈၈၆၃၊ ၃၈၀၈၉၉၊ ၃၉၄၁၄၁ တို့သို့ ဆက်သွယ်စာရင်းသွင်းပြီး သင်တန်းတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းမှတ်စု — ကိုထွေး

ပစိဖိတ်ဒေသ အဏ္ဏဝါသိပ္ပံနှင့် နည်းပညာညီလာခံ ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ PACON အဖွဲ့ခွဲနှင့် PACON International တို့ ပူးပေါင်းကျင်းပသော (၁၂)ကြိမ်မြောက် ပစိဖိတ်ဒေသ အဏ္ဏဝါသိပ္ပံနှင့် နည်းပညာညီလာခံပိတ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ PACON အဖွဲ့ခွဲ၊ PACON International နှင့် ဟာဝိုင်အီတက္ကသိုလ်များမှ ပညာရှင်များနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပါမောက္ခချုပ်ဦးသိန်းထွန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် PACON International မှ Dr. Lorenz Magaard က OST Sessions ကိုလည်းကောင်း၊ Dr. Yoshifusa Yamada က CST Sessions ကိုလည်းကောင်း၊ Dr. Kenji Hotta က OST MRMD Sessions ကိုလည်းကောင်း၊ Dr. Friedhelm Schroeder က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍လည်းကောင်း၊ Dr. Jerry Comcowich က Student Poster Session ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် PACON Past President, Dr. Kenji က နိဂုံးချုပ်အမှာစကားပြောကြားပြီး ပိတ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲကာလအတွင်း PACON ပညာရှင်များနှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ကျောက်မျက်ရတနာပြတိုက်တို့ကိုလည်း သွားရောက်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘောဇဘဏ် လီမိတက် (ရုံးချုပ်) ဝန်ထမ်းများနှင့် ရန်ကုန်ဘဏ်ခွဲ ဝန်ထမ်းများက ဘိုးဘွားများနေ့ အထိမ်းအမှတ် အလံကလေးများအတွက် အလှူငွေ တစ်သိန်းလေးသောင်း ခုနစ်ထောင်သုံးရာ ခုနစ်ဆယ့်ငါးကျပ်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဆရာစံရပ်ကွက်လုံးဆိုင်ရာသုံးထပ်ဓမ္မာရုံကြီး တည်ဆောက်ရေးအလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ဦးချစ်မောင်လမ်းရှိ ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံကြီးအား သီဟသုဓမ္မမဏိဇောတရေ ဆင်မင်းဦးတင်ရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဓမ္မာရုံအသစ်ကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့မှ ပြန်လည်တည်ဆောက်လျက်ရှိရာ ၇၅ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး အဆိုပါဓမ္မာရုံကြီး တည်ဆောက်ရေးအတွက်အလှူငွေများအဖြစ် ဦးသောင်းကြည် - ဒေါ်မြင့်ကြည် မိသားစုက ငွေကျပ်သိန်း၂၀၊ ဒေါ်မြင့်၊ သား ဦးအကျွမ်း-ဒေါ်ဥမ္မာဌေးမိသားစုက ငွေကျပ် ၁၅၂၉၅၀၀၊ မိခင်ကြီးဒေါ်ခင်စိန်အားရည်စူး၍ စိန်ဗီဒီယိုမိသားစု၊ ဦးသန်း-ဒေါ်ညွန့်ရီ မိသားစု (ရွှေနဒီ)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးအေးမောင်အားရည်စူး၍ ဒေါ်စန်းမိသားစု၊ဦးစိန်အုပ်-ဒေါ်ကြည်မိသားစု၊ ဦးကျော်ဝင်း-ဒေါ်စုစု မိသားစု၊ မိဘများအား အမှူးထား၍ ဘီအိုစီကုန်စုံနှင့်ကွမ်းသီးရောင်းဝယ်ရေး၊ သရဖူစတိုးမိသားစု၊ ဦးမြင့်စိန်-ဒေါ်ချင်းရင်မိသားစုတို့က ငွေကျပ်ငါးသိန်းစီနှင့် အလှူရှင် ၃၆ဦးတို့က ဇွန် ၁၅ရက်အထိတွင် စုစုပေါင်း လှူဒါန်းငွေ ၅၄၃၁၁၁၁ ကျပ်ကို ဓမ္မာရုံရှေ့ အလှူခံမဏ္ဍပ်သို့ လာရောက် လှူဒါန်းကြကြောင်းနှင့် ဒုတိယအကြိမ်အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်လအတွင်း ပြုလုပ်မည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံကြီးအလှူခံဌာန ဦးချစ်မောင်လမ်း နာယက ဦးညွန့်ရင် ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ဖုန်း-၅၅၆၀၈၁၊ ဥက္ကဋ္ဌ ဦးတင်ရွှေ(သီဟသုဓမ္မမဏိဇောတရေ) ဖုန်း-၀၉-၅၁၀ ၅၄၀၀၊ ၅၄၁၈၇၄နှင့် ဘဏ္ဍာရေးမှူး ဦးမင်းအောင် ၀၉-၅၀၁ ၅၄၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကျောင်းသုံးဗလာစာအုပ်များ၊ခဲတံများနှင့်စာစောင်များ ပြွန်တန်ဆာအသင်း(ရန်ကုန်)မှ ကျောင်းများသို့ လှူဒါန်း

ရန်ကုန် ဇွန် ၁၅

ပြွန်တန်ဆာအသင်း(ရန်ကုန်)က ပြွန်တန်ဆာမြို့နှင့်ဒေသပတ်ဝန်းကျင်ရှိ အခြေခံပညာကျောင်း၄၂ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ ပဋ္ဌမအကြိမ်မြောက် ငွေကျပ်၂၈၈၇၀၀၀ကျော်တန်ဖိုးရှိသော ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၃၀၀၊ ခဲတံဒါဇင်၉၆၀နှင့် စာကြည့်တိုက်များအတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၅၀၀ကျော်လှူဒါန်းပွဲကို ဇွန် ၁၃ရက်တွင် ပြွန်တန်ဆာမြို့ အခြေခံပညာအလယ်တန်းကျောင်းရှိ ဘိုးရာဇာခန်းမ၌ကျင်းပရာ ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ နာယကတစ်ဦးက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးသောင်းလွင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လက်ခံ

ထို့နောက် အမှုဆောင်များဖြစ်ကြသော ဒေါ်လှမူမူနှင့် ဒေါ်ခင်သက်နိုင်တို့က ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံများနှင့် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ပြွန်တန်ဆာမြို့ရှိ အခြေခံပညာကျောင်းအုပ်ကြီးများကိုယ်စား ညောင်လေးပင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးအေးသောင်းက လက်ခံသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ညောင်လေးပင်မြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် မြို့မိမြို့ဖ ဦးတင်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ ကိုယ်စား အသင်းအမှုဆောင်များဖြစ်ကြသော ဒေါ်လှမူမူနှင့် ဒေါ်ခင်သက်နိုင်တို့က ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များကို ညောင်လေးပင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးအေးသောင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လူထုဒေါ်အမာ၏ သားဖြစ်သူ ဗကပ ဖိုးသံချောင်း နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားပျက်ပြားအောင် ပြည်ပအသံလွှင့်ဌာနများမှတစ်ဆင့် မဟုတ်မမှန်လုပ်ကြံလှုံ့ဆော်နေ

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော်အစိုးရသည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ မမိုတ်မသုန် ရှေးရှုချီတက်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား ကမ္ဘာသို့ တရားဝင်အသိပေး ကြေညာပြီး တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိရာ ခရီးအတော်ပင်ရောက်နေပြီဖြစ်သည်။

ထိုသို့ ဖော်ဆောင်နေမှုအပေါ် ပြည်တွင်းရှိ အမျိုးသားသစ္စာဖောက်ပုဆိန်ရိုးများ၊ အဆိုးမြင်ဝါဒီများ၊ ပြည်ပြေးများ၊ သောင်းကျန်းသူများနှင့် ပြည်ပမှ ခေတ်သစ်ကိုလိုနီနယ်ချဲ့များက မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပြေးတိုက်ကွက် စသည့် သုံးဖက်သုံးတန်မှ ဝိုင်းဝန်းဟန့်တားနှောင့်ယှက်လျက်ရှိသည်။

ထိုကဲ့သို့ နည်းမျိုးစုံဖြင့် နှောင့်ယှက်နေမှုများအနက် မန္တလေးမြို့မှ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ သားဖြစ်သူ ဗကပဖိုးသံချောင်းက မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲရန်ဟုဆိုကာ နိုင်ငံတော်အစိုးရအား ပြည်ပတပ်များကိုခေါ်ယူပြီး ရင်ဆိုင်တိုက်ပွဲဝင်ဖြုတ်ချခြင်း၊ အတိုက်အခံအင်အားစုများက လက်နက်စွဲကိုင်တော်လှန်ခြင်း၊ တပ်မတော်သားအချို့ကို ၎င်းတို့ဘက်ပါလာအောင် သွေးဆောင်စည်းရုံးခြင်း စသည့်နည်းလမ်းများဖြင့် နှောင့်ယှက်ဟန့်တားကြရန် အင်တာနက် ဝက်ဘ်ဆိုက်တွင်တင်ပြီး ပြည်ပအသံလွှင့်ဌာန အချို့ကလည်း အသံလွှင့် လှုံ့ဆော်သွားခဲ့သည်။

ဗကပ၏ လိမ့်လုံး၊ ဖိမ့်လုံးများကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အတိတ်သမိုင်း၏အတွေ့အကြုံများအရ သဘောပေါက်နားလည်နေကြပြီဖြစ်ရာ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်နေမှုများမှာ အရာထင်လာမည်မဟုတ်ကြောင်း ပြည်သူများက သိရှိလက်ခံထားကြပြီးဖြစ်သည်။

ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံလှုံ့ဆော်နေသူ ဗကပဖိုးသံချောင်းမှာ နိုင်ငံတော်ပြိုကွဲပျက်စီးရေး အဖျက်အမှောင့် လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ဆောင်နေသည့် ပြည်ပြေးတစ်ဦးဖြစ်သည်။ လူထုဒေါ်အမာ၏ သားအကြီးဖြစ်သူမှာလည်း ဗကပတစ်ဦးဖြစ်ကာ တောတွင်းမှာပင် ဗကပတို့၏ ဖြုတ်၊ထုတ်၊သတ်လမ်းစဉ်ဖြင့် သေဆုံးခဲ့ရကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၁၅

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမ အမှတ် ၆ရှိ မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၉ရက်(ဝါဆိုလပြည့်)တနင်္ဂနွေနေ့တွင်ကျင်းပမည်ဖြစ်သည်။သင်္ကန်းဒွိစုံတန်ဖိုးကျပ် ၃၀၀၀ သို့မဟုတ် မိမိနှစ်သက်ရာ သင်္ကန်းကိုဝယ်ယူ၍ဖြစ်စေ၊ သံဃာဆွမ်းတစ်ပါးကျပ် ၅၀၀၊ ယောဂီဥပုသ်သည်ဆွမ်းစရိတ် တစ်ဦးကျပ် ၂၀၀၊ ထီးတစ်လက် ကျပ်၁၅၀၀၊ ဖိနပ်တစ်ရန် ကျပ်၁၀၀၀၊ ဆေးဝါးပစ္စည်းလေးပါးတို့ကို အဆိုပါရိပ်သာ ဖုန်း-၆၄၂၂၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်းသိရသည်။

(က-ပ)

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်

အမှတ် ၆၅၄/၆၆၆၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) နေ့ရက် - ၁၀-၇-၂၀၀၆ ရက် (တနင်္လာနေ့)
(ခ) အချိန် - ၁၃း၀၀နာရီ
(ဂ) နေရာ - ယုဇနဟိုတယ်(Ballroom)ခန်းမ၊ ရန်ကုန်မြို့

ယင်းအစည်းအဝေး၏ အစီအစဉ်၊ အစီရင်ခံစာများကို အစုရှယ်ယာရှင်များထံ ကြိုတင်ဝေငှပေးပို့ထားပြီးဖြစ်ကြောင်းအသိပေးအပ်ပါသည်။ ယင်းအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်စာအချိန်မီ မရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးသို့ တက်ရောက်ပါရန် ကြေညာအပ်ပါသည်။

အစုရှယ်ယာများလွှဲပြောင်းမှတ်တမ်းကို အထွေထွေအစည်းအဝေး ကြီးပြီးစီးသည်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
Managing Director
Myanma Livestock and Fisheries Development Bank Limited.





ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဦးစိုးနိုင်ဝင်း P.P-223503၏ကိုယ်စား လှယ်လွှဲစာ စာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည် ပေးပို့ပါရန်။ **ဦးစိုးနိုင်ဝင်း Ph-710021။**

SSAA

ဆန်ခုံစုံ/ ဆီသန့်သန့်
အရောက်ပို့
ဖုန်း - ၆၆၇၀၉၃။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် ၆၁၈၅၀၆ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။

ယဉ်လဲ့ဖြူ
ဖုန်း-၀၉-၅၀-၀၇၉၁၁။

ကျေးဇူး ဆပ်ပါမည်

ကျွန်မ ဒေါ်စပေါယ်ကိုကို၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် CM-104397သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

ဒေါ်စပွါယ်ကိုကို 664188။

မင်္ဂလာသိမ်တော်ကြီး အဆောက်အအုံ ကျောက်သားတင် မြေဖို့လုပ်အားဒါနလှူ

မတ္တရာ ဇွန် ၁၀

မန္တလေးတိုင်း မတ္တရာမြို့နယ် ဆည်တော်ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ လျှပ်စစ်ဝန်ထမ်းများ တည်ထားကိုးကွယ်သော ဆည်ဦးထိပ်စေတီတော်နှင့် သာသနာ့လက်ာရ ဘုန်းတော်ကြီးကျောင်းတိုက်ပရိဝုဏ်အတွင်း၌ စက်ရုံမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက ကျပ်သိန်း၃၀ကျော်ဖြင့် မင်္ဂလာသိမ်တော်ကြီး အဆောက်အအုံကိုဆောက်လုပ်လျက်ရှိရာ အဆိုပါဝန်ထမ်းများစုပေါင်း၍ ဇွန်၃ရက်နှင့်၄ရက်တို့က ကျောက်သားတင်မြေသားဖို့မြေညှိခြင်း လုပ်အားဒါနများ ပေးလှူကြသည်။ **(၃၆၄)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ညောင်ရွှေ ဇွန် ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် တောင်ခြေမြင်းစခွန့် ကျေးရွာအုပ်စု ထပ်အိမ်ကုန်း ဂေါက်ကွင်း အရှေ့ဘက်တွင် ဇွန်၅ရက် နံနက် ၈နာရီက ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုထောက်ခံသော အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ပူးပေါင်းပြီး မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မ(၈) ရပ်ကွက်ပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးကြကြောင်း သိရသည်။ (၀၂၇)

မြင်းခြံမြို့နယ်၌ သီးနှံများစိုက်ပျိုးရန် စီမံကိန်း တာဝန်များပေးအပ်ပွဲ

မြင်းခြံ ဇွန် ၇

မြင်းခြံမြို့နယ် ၂၀၀၆–၂၀၀၇ခုနှစ်သီးနှံများစိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၃၁ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစန်းအောင်က အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် ဌာန ဆိုင်ရာများက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် မြို့နယ် ၂၀၀၆–၂၀၀၇ခု နှစ်တွင် သီးနှံ၂၂၇၇၈၇ဧက စိုက်ပျိုးရန် စီမံကိန်းတာဝန်များကို ရှေ့တန်းရှစ်ခုမှရှေ့တန်းမှူးများတို့သို့ ပေးအပ်ကြောင်း သိရသည်။ **(၄၀၂)**



မိုးညှင်းခရိုင်တရားရုံး အဆောက်အအုံသစ်ဖွင့်

မိုးညှင်း ဇွန် ၁

မိုးညှင်းခရိုင်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက်၇နာရီခွဲက အဆိုပါခရိုင်တရားရုံးအဆောက်အအုံရှေ့၌ကျင်းပရာ တရားရုံးချုပ် (မန္တလေး)ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ကြည်နှင့် ကချင်ပြည်နယ်တရားသူကြီး ဦးထိန်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်က မိုးညှင်းခရိုင် တရားရုံးအဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မိုးညှင်းခရိုင်တရားသူကြီး ဦးဝင်းအောင်က အဆောက်အအုံသစ် ဆောက်လုပ်ရခြင်း အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်သည့် မှတ်တမ်းကို ခရိုင်တရားသူကြီး ဦးဝင်းအောင်က ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ကြည်ထံသို့လည်းကောင်း၊ ခရိုင်တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ဒုတိယတရားသူကြီးချုပ်နှင့်အဖွဲ့ဝင်များသို့လည်းကောင်း ပေးအပ်သည်။

ဆောက်လုပ်ခဲ့

အဆိုပါ မိုးညှင်းခရိုင်တရားရုံး အဆောက်အအုံသစ်သည် အလျား ၈၂ ပေ၊ အနံ ၃၆ ပေရှိပြီး၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၁၅၀ ခွင့်ပြု ငွေဖြင့်ဆောက်လုပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သံတွဲ–ကင်းသေကျွန်းလမ်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

သံတွဲ ဇွန် ၅

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်သည် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်အတူ မေ ၂၅ရက် နံနက်က သံတွဲ–ကင်းသေကျွန်း ကျေးလက် လမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ကို စိုက်ပျိုးကြကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကလိုင်းကနိုင်ကျေးရွာ လမ်းအမှတ်(၁) တံတားပြင်ဆင်ခြင်းလုပ်ငန်းကို မေ ၃၀ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ထားမှုကို ဇွန်၈ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းရေး သိကောင်းစရာများ ပညာပေးဟောပြော

ကျွန်းလှ ဇွန် ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းရေး အထိမ်းအမှတ် ဟောပြောပွဲကို ဇွန်၅ရက် နံနက်၁၀နာရီက ကျွန်းလှမြို့နယ်စုပေါင်းရုံးခန်းမတွင် ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျွန်းလှမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်မြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင်းက ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းရေးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ၁၀ရက်က အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းဌေးတို့ ကျောက်တုံးရေတံခွန်ငယ် ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၇)ရက်
၁၇–၆–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ချစ်ဗိမာန်လေးတည်စို့ကွယ်
(၂) မျက်ဝန်းမှတစ်ဆင့်
(၃) အသည်းပန်းတစ်ခက်
၀၉:၄၅ အာဆီယံအစီအစဉ်
၁၁:၁၅ သန်ကောင်ရောဂါအကြောင်း သိကောင်းစရာ
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ဝမ်းပျက်ဝမ်းလျှောရောဂါ ကြောက်စရာ (ခေါင်းကြီး)
(၂) ပျော်ရွှင်ကျန်းမာ မိသားစုကမ္ဘာ (ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀ နေ့စဉ်သုံးအီဒီယမ် (ဆရာဦးသိန်းလွင်)

ညနေပိုင်း

၁၆:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အချစ်ရေ
(၂) အမောပြေ
(၃) ပဝါတားလို့ကမ္ဘာခြားလိုက်ပြီ
၁၆:၃၀ **၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် (စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်နှင့် မယမင်းထွန်းတို့၏ ခေတ်ဟောင်းကာလပေါ်တေး)
၁၇:၁၅ ခေတ်ဟောင်းတေး
(၁) ခိုင်စံပယ်
(၂) မိုးနတ်မယ်
(၃) ပင်မြင့်မာလာ
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (တက်ကြွပျော်ရွှင်သည့်ဘဝပိုင်ရှင်များဖြစ်စေဖို့–ဒေါက်တာကျော်စိန်)
၁၈:၄၅ လှပသာယာအိမ်ဂေဟာ (တစ်ဘဝလုံးပျော်ရွှင်ဖို့ အဆင့်မြင့်မြင့် နေကြစို့)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အချစ်များနဲ့ကမ္ဘာ–၃ တေးစီးရီး)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ထီးကလေးနဲ့ နှစ်ကိုယ်ယှဉ်
(၂) မျှော်ရပါကြောင်း နွေမိုးဆောင်း
(၃) ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်သီရိဈေးနှင့် အောင်ရောဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သားငါးတန်းများ ယင်လုံဆန်ခါများဖြင့် ရောင်းချစေရေးနှင့် ဓာတုဗေဒဆေးဝါးများဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ ဈေးအတွင်း ရောင်းချမှုမရှိစေရေးတို့ကို မေ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကွင်းဆင်းစစ်ဆေးကြပ်မတ်ပေးစဉ်။ (မြို့နယ် စည်ပင်)

စာကြည့်တိုက် ရှင်သန်ရေး အလုပ်ရုံဆွေးနွေး

ပင်လည်ဘူး ဇွန် ၃

ပင်လည်ဘူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မေ၂၈ရက်က စင်လောင်ကျေးရွာအုပ်စု ကျွန်းပင်သာ ကျေးရွာပါရမီစာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျေးရွာအုပ်စုအတွင်းရှိ စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စာပေဝါသနာရှင်များအားခရိုင်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေ၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးမြမွန်နှင့် စင်လောင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကြွက်မောင်တို့က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖြူးမြို့ သာယာလှပရေး ကွင်းဆင်းကြည့်ရှု

ဖြူး ဇွန် ၁၁

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဗန်ကျွမ်းနှင့် ဦးစီးအရာရှိ ဦးအောင်သန်းတို့သည် ဇွန် ၈ရက်က ဖြူးမြို့ပေါ်နှင့်ကညွတ်ကွင်းမြို့ လမ်းဘေးဝဲယာတို့တွင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးတို့အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ် စည်ပင်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာကျောင်းတော်ကြီးအတွက်ဦးအောင်တင်ထွန်း-ဒေါ်မြင့်မြင့်ရီမိသားစု (မြန်မာအောင်တံခွန်အုပ်စုကုမ္ပဏီ) က အလှူငွေကျပ် ဆယ်သိန်းကို ပေးအပ်လှူဒါန်းရာ လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ဖြစ်မြောက်ရေး ကော်မတီ နာယကဦးအံ့မောင်က လက်ခံယူစဉ်။

(က-ပ)

ဆွမ်းဆန်စိမ်းလောင်းလှူ

ကချင်ပြည်နယ် မိုးကောင်းမြို့ အရှေ့ရပ်ကွက်၏ ပဌမအကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၃၀ရက်က ရပ်ကွက်လမ်းမကြီးတွင် ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

သနပ်ပင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

သနပ်ပင် ဇွန် ၄

ပဲခူးခရိုင် သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို မေ၃၁ရက်က မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဘောလုံးပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုများကို မြို့နယ် အတွင်းရေးမှူး ဦးအောင်ကြည်ထွန်းနှင့် ဘောလုံးဆပ်ကော်မတီဝင်များကလည်းကောင်း၊ ပူးတွဲတတိယဆုရသည့် ကျိုက်/ကြီးနှင့်တာဝရေတံခါးကျေးရွာဘောလုံးအသင်းတို့အား ရီရှင်းကုမ္ပဏီ ဈေးကွက် မန်နေဂျာဦးဝင်းသန်းကလည်းကောင်း၊ ဒုတိယဆု ရသော အပိုင်ကျေးရွာဘောလုံးအသင်းအား တစ်ဦးချင်းဆုများနှင့် ငွေကျပ် ၅၀၀၀၀ ကို ပဲခူးတိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးလှမြင့်နှင့် ရီရှင်းကုမ္ပဏီ ဆိုင်ခွဲတာဝန်ခံ ဦးစိုးဦးတို့ကလည်းကောင်း၊ ပထမဆုရသော စဉ်အိုးဖိုကျေးရွာဘောလုံးအသင်းအား တစ်ဦးချင်းဆုများနှင့် ငွေကျပ် ၁၀၀၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ရီရှင်းကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးအိုက်စိုင်းတို့က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် တံခွန်စိုက်ဖလားကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပထမဆုရရှိသည့် စဉ်အိုးဖိုကျေးရွာအသင်း အုပ်ချုပ်သူနှင့်အသင်းခေါင်းဆောင်တို့အား ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

(၃၄၇)

အခြေခံမွေးမြူရေးပညာသင်တန်းဖွင့် သင်တန်းစည်းကမ်းနှင့် ရည်ရွယ်ချက်ရှင်းလင်း

ဖောင်းပြင် ဇွန် ၉

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့်အခြေခံမွေးမြူရေး ပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၆) သင်တန်းဖွင့်ပွဲကို ဇွန် ၆ရက် နံနက် ၈နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ရုံးသင်တန်းခန်းမတွင် ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ရှင်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အေးက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေး စွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပိုး၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့် ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၉-၆-၂၀၀၆ (တနင်္လာနေ့)

- ❑ Economic Instability And Demand Management Policies
  - တတိယနှစ်စီးပွားရေး၊ အထူးပြု
- ❑ - Application of Demand And Supply Analysis
  - ပထမနှစ်စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြု

၂၀-၆-၂၀၀၆ (အင်္ဂါနေ့)

- ❑ The Legal Forms of Business Ownership
  - ပထမနှစ်စီးပွားစီမံ၊ စီးပွားရေးပညာအထူးပြု
    မင်းတုန်းမင်းခေတ် သာသနာရေး (The Religious Policy of Mindon)
    တတိယနှစ်သမိုင်းအထူးပြု
- ❑ Jurisprudence and Legal Theories
  - ပထမနှစ်ဥပဒေအထူးပြု ကျောင်းသား၊ကျောင်းသူများ

၂၁-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- "အချင်းကဗျာစုလာ ညည်းချင်း" ကဗျာစုမှ မြန်မာ့သဘာဝအလှများ
- ပထမနှစ်မြန်မာစာအထူးပြု
  "ဘာသာဆောင်းပါးများ ပို့ချချက်"
- ပထမနှစ်မြန်မာစာအထူးပြု
- ❑ Small Signal Bipolar Amplifier
  - တတိယနှစ်ရူပဗေဒအထူးပြု

၂၂-၆-၂၀၀၆ (ကြာသပတေးနေ့)

- ❑ Linear Transformation
  - တတိယနှစ်သင်္ချာအထူးပြု
- ❑ Logic of Truth Function
  - ဒုတိယနှစ်ဒဿနိကဗေဒအထူးပြု
    The Shell Model
    တတိယနှစ်ရူပဗေဒအထူးပြု

၂၃-၆-၂၀၀၆ (သောကြာနေ့)

- ❑ Homeostasis
  - ပထမနှစ်သတ္တဗေဒအထူးပြုများ
- ❑ Aquatic Biome
  - ဒုတိယနှစ်သတ္တဗေဒအထူးပြုများ

နံနက် ၉နာရီမှ ညနေ၄နာရီအထိ

၂၄-၆-၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၅-၆-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

(Amazing Holidays Co., Ltd.)တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။	မော်တော်ယာဉ်မှူး(ဘွဲ့ရ)	၁ ဦး
၂။	လ/ထမော်တော်ယာဉ်မှူး(ဘွဲ့ရ)	၁ ဦး
၃။	ကားပြင်/ထိန်းမန်နေဂျာ(B.E/ A.G.T.I)	၁ ဦး
၄။	လ/ထကားပြင်/ထိန်းမန်နေဂျာ(A.G.T.I / THS)	၁ ဦး
၅။	ကားစက်ပြင်	၂ ဦး
၆။	ကား(Air-Con)ပြင်/ထိန်း	၂ ဦး
၇။	ကားကြီးမောင်း(၁၀ တန်းအောင်)	၃ ဦး
၈။	ကားငယ်မောင်း(၁၀ တန်းအောင်)	၃ ဦး

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိပြီး၊ အရက်သေစာသောက်စားမှု မရှိသူဖြစ်ရမည်။ အမှတ်စဉ်(၁)မှ(၆) အထိသည် အချိန်ပြည့်အလုပ်တွင်နေနိုင်သူ၊ ခရီးသွားလာနိုင်သူဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် မျှော်မှန်းလစာနှင့် ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Amazing Holidays Co., Ltd.

အမှတ်(၂၇)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မြစ်ငယ်၌ ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်း ပညာသင်ဆုပေးအပ်ရခြင်း ရည်ရွယ်ချက်ရှင်းလင်း

မြစ်ငယ် ဇွန် ၁

မန္တလေးတိုင်း အမရပူရမြို့နယ် စာတိုး–မြို့ပြင်ကြီး ကျေးရွာအုပ်စု စက်ကွေ့ရပ်နေ မြန်မာ့မီးရထား အငြိမ်းစားဆရာဝန် ဒေါက်တာဦးကျော်လှက ပညာရေးငွေပဒေသာပင် စိုက်ထူ၍ အဋ္ဌမတန်းအောင် ကျောင်းသား ကျောင်းသူများအား ၂၀၀၆ ခုနှစ် ပဉ္စမအကြိမ်မြောက် ပညာသင်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက်၇နာရီက မြစ်ငယ် မီးရထားခန်းမတွင် ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ ပညာသင်ဆု အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြန်မာ့မီးရထား လက်ထောက် အထွေထွေမန်နေဂျာ ဦးဝင်းကိုတို့က အမှာစကားပြောကြားကြပြီး ပညာသင်ဆု စေတနာအလှူရှင် ဒေါက်တာဦးကျော်လှက ပညာသင်ဆုပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ ဂုဏ်ထူးဆု ၄၄ ဆု၊ နှစ်သိမ့်ဆု ၁၅ ဆု၊ ဘာသာရပ် အမှတ်ပြည့်ဆု နှစ်ဆု၊ ဘာသာရပ် အမှတ်အများဆုံး ခုနစ်ဆု၊ သင်ကြားမှုစွမ်းရည်ဆု ၁၀ ဆု **(အောက်ပုံ)** နှင့် တံခွန်စိုက်ကျောင်းဆုများကို ဒေါက်တာဦးကျော်လှနှင့် ပညာဒါနအလှူရှင်များနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြစ်ငယ်အထက ပညာရေးဖွံ့ဖြိုးမှု ရန်ပုံငွေအတွက် ရွှေပေါက်ပင်ရွာဆရာတော်၊ ဆောက်တောဝမြောက်ရွာနှင့် တောင်ရွာကျောင်း ဆရာတော်၊ သံဃာတော်များ၏ ပညာဒါနချီးမြှင့်ငွေကျပ် နှစ်သိန်း အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်းငါးသိန်း ငါးသောင်းပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ **(၂၀၉)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်း) တိုးချဲ့ဝယ်ယူရန်အတွက် (၆၁) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ်နေ မိဘများအားရည်စူး၍ ဦးမောင်မောင်ထွန်း–ဒေါ်သူဇာလှိုင် (သိန်းသန်းဦးရတနာရွှေဆိုင်)၊ သား မောင်ရဲစည်သူထွန်း–မပပသင်း၊ သမီး မအိဇာသူထွန်း၊ မြေး သင်းအိမ်သူထွန်းမိသားစုတို့က ငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)အား ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/ ၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော သို့မဟုတ် ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်းရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊၄၅ပါ ပြဋ္ဌာန်း ချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

တောင်သူလယ်သမားများအကျိုးစီးပွားပိုမိုဖြစ်ထွန်းရေး စက်မှုကုန်ကြမ်းသီးနှံရော်ဘာ ထပ်မံတိုးချဲ့ စိုက်ပျိုး

နေပြည်တော် ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး နှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၂ရက် နံနက် ပိုင်းတွင် လားရှိုးမြို့နယ် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီ အထူး အထွက်တိုး တစ်ဧကတင်း၂၀၀ နွေစပါးစံပြ ၇၀၅ဧက ကောက်ရိတ် သိမ်းပွဲသို့ရောက်ရှိလာရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် က ပြည်နယ်၏ နွေစပါး၊ မိုးစပါးစိုက်ပျိုးမှုအခြေအနေများနှင့်စပ်လျဉ်း ၍ လည်းကောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် စံပြကွက်များဖြင့် ယှဉ်ပြိုင် ကွက်များ သတ်မှတ်၍ **စာမျက်နှာ ၃ ကော်လံ ၁** ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသော မစ္စတာ ဘွာဆွန်၊ ဘူဖာဝမ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့နယ် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးစံပြ ၇၀၅ဧက ကောက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၁၆ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)ရေသန့်စင် စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသောရေသုံးစွဲနိုင်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီက တာဝန်ယူတည် ဆောက်ခဲ့သည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည် များ မှာကြားပြီး စက်ရုံအတွင်း ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုး ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❍

ခံစားမှုအလှများကို ခြယ်မှုန်းဖော်ကျူးထားသည့် "စိတ်အာရုံ" ပန်းချီပြပွဲ မြင်ကွင်း

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၅

မြန်မာ့ပန်းချီလောကသည် ရှင်သန်လန်းဆန်း လျက်ရှိရာ မြန်မာပန်းချီဆရာတို့၏ လက်ရာများ ကိုလည်း နေရာအနှံ့ပြပွဲများပြုလုပ်လာလျက်ရှိ သည်။ မြန်မာ့ပန်းချီအနုပညာအနာဂတ်အတွက် ယခုကဲ့သို့ ပန်းချီပြပွဲများ စဉ်ဆက်မပြတ်ပြုလုပ် လာမှုမှာ ကောင်းမွန်သော ဆောင်ရွက်မှုပင်ဖြစ် သည်။ **စာမျက်နှာ ၇ ကော်လံ ၁** ■

စိတ်အာရုံပန်းချီပြပွဲမှ ပန်းချီကြည်ဝင်း (ရန်ကင်း)၏ လီဆူးရက်ကန်း ပန်းချီကားမှာလည်း လက်ရာမြောက်လှသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတော်၏နယ်မြေဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုကြောင့် ပြည်သူများအကျိုးကျေးဇူးခံစားနေရသည်ကိုတွေ့ရ၍ အမြင်မှန်ရ တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ် မြို့နယ်နာယက ဦးဆန်းအေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းထွန်းဝင်းအပါအဝင် အဖွဲ့ဝင် ရှစ်ဦး တို့သည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD) မှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒ အလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

တန့်ယန်းမြို့နယ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း ပါတီဝင်များသည် **စာမျက်နှာ ၉ ကော်လံ ၁** ❒